www.burmeseclassic.com



နယ်စပ်ကုန်သွယ်ရေး ငွေအလွှဲအပြောင်း ဘဏ်စနစ်နဲ့ ပြုလုပ်နိုင်ဖို့ တင်ပြထား

စာ-၁၃

# မော်ဒန်

စီးပွားရေးသတင်းဂျာနယ်



ရေလွှမ်းပျက်စီး လယ်မြေတွေမှာ ဘာတွေ ဘယ်လိုပြန်လည်စိုက်ပျိုးမလဲ

စာ-၂၂,၂၃

အမှတ် ၆၂၇ The Modern Weekly ၂၄ ဩဂုတ် ၂၀၁၈၊ သောကြာနေ့

# ငွေဈေးအကြောင်းပြ ကုန်ဈေးနှုန်း ခုန်ဆွ ပြည်သူတွေ ရင်တမမ

စာ-၄,၅



စက်သုံးဆီ ဈေးနှုန်းတွေ ဆက်လက်မြင့်တက်



စာ-၃

ရွှေအိမ်စည် ပိုးထည်တွေ ပစ္စည်းပြတ်အောင် အရောင်းသွက်



စာ-၆

ရွှေပြည်ပ ကုန်သွယ်မှု စတင်

စာ-၇



ဂရက်ဘ်ရှယ် ဘာတွေ အားနည်းနေသလဲ




စာ-၉

# စက်သုံးဆီဈေးနှုန်းတွေ ဆက်လက်မြင့်တက် ကုန်သယ်ယူစရိတ်တွေ မြင့်မား


ဒေါ်လာဈေးမြင့်တက်နေသလို စက်သုံးဆီဈေးနှုန်းတွေလည်း မြင့်တက်နေတဲ့အတွက် ကုန်ပစ္စည်းသယ်ယူစရိတ်တွေ မြင့်မားနေပါတယ်။

**ရန်ကုန်၊ ဩဂုတ် ၂၂** – လတ်တလော ပြည်တွင်းမှာ ဒေါ်လာဈေးတွေ စံချိန်တင် မြင့်တက်လာပြီးနောက် စက်သုံးလောင်စာဆီဈေးတွေဟာလည်း တရိပ်ရိပ် မြင့်တက်လာနေပါတယ်။

မြန်မာနိုင်ငံ စက်သုံးဆီ အသင်း အတွင်းရေးမှူး ဒေါက်တာဝင်းမြင့်က 'ရေနံစိမ်းဈေးနဲ့နိုင်ငံတကာဆီဈေးက အလယ်လောက်မှာပဲရှိသေးတယ်၊ ငွေလဲလှယ်နှုန်းကပဲ အမြင့်ဆုံးရှိတယ်၊ အမေရိကန်ဒေါ်လာဈေးတွေ တက်တဲ့အခါ စက်သုံးဆီဈေးတွေလဲသူ့အထိုက် အလျောက်တက်ရတာဖြစ်တယ်' လို့ ပြောပါတယ်။

လူသုံးများတဲ့ အောက်တိန်း 92ရဲ့ ဈေးနှုန်းဟာ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် ဇန်နဝါရီမှာတစ်လီတာဈေးနှုန်း ကျပ် ၅၅၀ သာ ရှိခဲ့ပါတယ်။ ၂၀၁၇ ခုနှစ် နိုဝင်ဘာမှာ တစ်လီတာ ကျပ် ၇၈၀ ရှိလာတယ်။ အဲသည်အောက်တိန်း 92ဟာ ၂၀၁၈ ခုနှစ် ဩဂုတ်လဆန်းပိုင်းမှာ တစ်လီတာ ကျပ် ၉၀၀ အထိ မြင့်တက်လာခဲ့ပါတယ်။ ပြီးခဲ့တဲ့ ဩဂုတ်လ ၁၉ ရက်နေ့က တစ်လီတာ ဈေးနှုန်း ကျပ် ၉၃၀ အထိ မြင့်တက်ပါတယ်။ သည်ကနေ့ အောက်တိုဘာ ၂၂ ရက်နေ့မှာတော့ အောက်တိန်း 92 ရဲ့ တစ်လီတာဈေးနှုန်းဟာ ၉၃၅ ကျပ် အထိ ရောက်ရှိလာပါတယ်။

မြန်မာနိုင်ငံ စက်သုံးဆီ အသင်းအနေနဲ့ အခုလိုမျိုး ဒေါ်လာဈေးကမောက်ကမဖြစ်ရင်တော့ ထိန်းကျောင်းဖို့ လိုကောင်းလိုလာနိုင်ပါတယ်။ အဲဒါကို စောင့်ကြည့်နေပါတယ်။ ဆီဆိုင်တွေမှာလက်ရှိရောင်းနေတဲ့ ဆီဈေးနှုန်းတွေကို သတင်းတောက်လျှောက် ယူနေတယ်။ ကျွန်တော်တို့မှာ ဖြစ်သင့်တဲ့ ဈေးကို တွက်ချက်တဲ့ ဖော်မြူလာ ရှိပါတယ်လို့ ဆိုတယ်။

လက်ရှိမှာ အမေရိကန် ဒေါ်လာဈေးမြင့်တက်နေသလို စက်သုံးဆီဈေးနှုန်းတွေလည်း မြင့်တက်နေတဲ့အတွက် ကုန်ပစ္စည်းသယ်ယူစရိတ်တွေ မြင့်မားနေပါတယ်။ အဲသည်အတွက် ဆန်၊ ဆီ၊ ဆေးပစ္စည်းအပါအဝင် လူသုံးကုန်ပစ္စည်းတွေရဲ့ ဈေးနှုန်းတွေပါ လိုက်ပါ မြင့်တက်နေပါတယ်။

**အောင်ထွန်းဦး**



| ရန်ကုန် စက်သုံးဆီဈေးနှုန်း နှိုင်းယှဉ်ပြဇယား (တစ်လီတာဈေးနှုန်း ကျပ်) | | | | | |
|---|---|---|---|---|---|
| စဉ် | ရက်စွဲ | ဒီဇယ် | ပရီမီယံဒီဇယ် | အောက်တိန်း 92 | အောက်တိန်း 95 |
| ၁။ | ၂၈-၁-၂၀၁၆ | ၄၈၀ | ၅၂၀ | ၅၅၀ | ၆၆၀ |
| ၂။ | ၂၈-၁၁-၂၀၁၇ | ၇၇၅ | ၇၉၅ | ၇၈၀ | ၈၂၀ |
| ၃။ | ၁၄-၃-၂၀၁၈ | ၈၀၅ | ၈၂၀ | ၇၇၅ | ၈၂၀ |
| ၄။ | ၂၄-၇-၂၀၁၈ | ၉၁၅ | ၉၃၀ | ၈၉၀ | ၉၄၀ |
| ၅။ | ၆-၈-၂၀၁၈ | ၉၂၅ | ၉၄၀ | ၉၀၀ | ၉၅၀ |
| ၆။ | ၁၄-၈-၂၀၁၈ | ၉၄၀ | ၉၅၀ | ၉၁၀ | ၉၆၀ |
| ၇။ | ၁၅-၈-၂၀၁၈ | ၉၅၀ | ၉၆၀ | ၉၂၀ | ၉၇၀ |
| ၈။ | ၁၉-၈-၂၀၁၈ | ၉၆၀ | ၉၇၀ | ၉၃၀ | ၉၈၀ |
| ၉။ | ၂၂-၈-၂၀၁၈ | ၉၆၅ | ၉၇၅ | ၉၃၅ | ၉၈၅ |

၂၂-၈-၂၀၁၈ Max Energy စက်သုံးဆီဈေးနှုန်း (တစ်လီတာဈေးနှုန်း ကျပ်)

| မြို့ | ဒီဇယ် | ပရီမီယံဒီဇယ် | အောက်တိန်း 92 | အောက်တိန်း 95 |
|---|---|---|---|---|
| ရန်ကုန် | ၉၆၅ | ၉၇၅ | ၉၃၅ | ၉၈၅ |
| မန္တလေး | ၁၀၀၀ | ၁၀၁၀ | ၁၀၀၀ | ၁၀၅၀ |
| ပဲခူး | ၉၇၀ | ၉၈၀ | ၉၄၀ | ၉၉၀ |
| မိတ္ထီလာ | ၉၈၀ | ၉၉၅ | ၉၈၀ | ၁၀၁၀ |
| မုံရွာ | ၁၀၀၅ | ၁၀၁၅ | ၁၀၀၅ | ၁၀၅၅ |
| မွန် | ၉၇၅ | ၉၉၀ | ၉၅၀ | ၁၀၂၀ |

# ပြည်ပ ရွှေတင်ပို့မှုကြောင့် ဈေးကွက်အပြောင်းအလဲမရှိအောင် ထိန်းသိမ်းမည်

**ရန်ကုန်၊ ဩဂုတ် ၂၂** – ပြည်ပကို ရွှေတင်ပို့မှုကြောင့် ပြည်တွင်းဈေးကွက်ကို တတ်နိုင်သလောက် တည်ငြိမ်အောင်၊ ဈေးနှုန်း အပြောင်းအလဲမရှိအောင် ထိန်းသိမ်းသွားမှာဖြစ်တယ်လို့ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကျော်ဝင်းက ပြောပါတယ်။

သည်နှစ်ဆန်းပိုင်းမှာ ရွှေတင်ပို့မှုကို အစိုးရက ခွင့်ပြုထားပေမဲ့ အခုအချိန်အထိတော့ တရားဝင် တင်ပို့တာတွေ မရှိသေးဘဲ တင်ပို့နိုင်ရေး ပြင်ဆင်မှုအချို့တော့ ရှိပါတယ်။

အဲသည်လို တင်ပို့တာတွေ လုပ်တဲ့အခါ အင်တာနေရှင်နယ်က သတ်မှတ်ထားတဲ့ ဂရမ်၊ အောင်စနဲ့ သွားရမှာဖြစ်တဲ့အတွက် ပြည်တွင်းက ကျပ်၊ ပဲ၊ ရွေးတွေကိုလည်း အလေးချိန် စံသတ်မှတ်ပေးမှသာ ပြည်တွင်းဈေးကွက်ကိုပါ ထိန်းသိမ်းနိုင်မှာဖြစ်ပါတယ်။

'ရွှေလုပ်ငန်းရှင်အသင်းက သတ်မှတ်ထားတဲ့ ၁၆ တစ်မတ် ၆၀၆ပဲ၊ အဲဒီလိုသတ်မှတ်ထားတာကိုလဲ နိုင်ငံတော်က အသိအမှတ်ပြုပေးဖို့ လိုတယ်၊ အရေးကြီးတာ စံသတ်မှတ်ချက်တစ်ခု သတ်မှတ်ပေးဖို့ပဲ၊ အဲဒီလို သတ်မှတ်မှလဲ အားလုံးက တစ်ပြေးညီဖြစ်သွားမယ်၊ ဒါတော့ ကြိုးစားရမယ်၊ လောလောဆယ် ကြုံတဲ့ အခက်အခဲလေးတစ်ခုပါ' လို့ ဦးကျော်ဝင်းက ပြောပါတယ်။

ဒါ့အပြင် ပြည်ပကို ရွှေတင်ပို့တာတွေ လုပ်ဆောင်ဖို့ မြန်မာနိုင်ငံရဲ့ ရွှေကိုစံ တစ်ခု သတ်မှတ်ဖို့ကို ဝန်ကြီးဌာနနဲ့ ညှိနှိုင်းရမှာဖြစ် ပြီး အဲသည်လို သတ်မှတ်ထားတဲ့စံသတ်မှတ်ချက်ရဲ့ အရည်အသွေးကို ဘက်လိုက်မှု မရှိတဲ့ အဖွဲ့အစည်းက စစ်ဆေးပေးဖို့လည်း လိုအပ်ပါတယ်။



One Stop Service Center ကို စက်တင်ဘာလမှာ လုပ်ဆောင်မယ်လို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ကြေညာထားပါတယ်။

မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းကလည်း One Stop Service Center မှာ လိုအပ်နေတဲ့ စက်ပစ္စည်းတွေကို ပြင်ဆင်နေတယ်လို့ သိရပါတယ်။

အဲသည်လိုတွေ သတ်မှတ်မှ ပြည်ပကို ရွှေတင်ပို့တဲ့အခါ တစ်ပြေးညီ တင်ပို့နိုင်မှာဖြစ်ပါတယ်။

ဒါ့အပြင် ပြည်တွင်းမှာ ရွှေတင်ပို့မှုတွေ အပေါ် ဘယ်လိုထိန်းညှိသွားမလဲဆိုတဲ့ ပေါ်လစီတွေချတဲ့ အပိုင်းတွေကို မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေပါတဲ့ စောင့်ကြည့် ထိန်းညှိ ရေးကော်မတီက ဆုံးဖြတ်ပြီး လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။

'အန်ကယ်တို့နိုင်ငံမှာ ငွေလဲနှုန်းတွေ အတက်အကျဖြစ်နေတဲ့အခါ ငွေလဲနှုန်းတွေကို အိတ်စပို့၊ အင်ပို့ဘယ်လိုထိန်းညှိသွားမလဲ၊ အဲဒီလို ပေါ်လစီချတဲ့ အပိုင်းတွေကို မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေ ပါတဲ့ စောင့်ကြည့်ထိန်းညှိရေးကော်မတီက ဆုံးဖြတ်ပြီး ထိန်းထိန်းသိမ်းသိမ်းလုပ်သွားမှာ' လို့ ဦးကျော်ဝင်းက ပြောပါတယ်။

ကမ္ဘာပေါ်မှာ ရွှေအများဆုံး ဝယ်ယူသုံးစွဲတဲ့ နိုင်ငံက တရုတ်နိုင်ငံဖြစ်ပြီး ဒုတိယကတော့ အိန္ဒိယနိုင်ငံဖြစ်တယ်လို့ သိရပါတယ်။

**မိုးမိုးသွဲ့**



www.burmeseclassic.com



# ပေါ်ဦးပိုးထည်ရဲ့ကိုယ်ပိုင်ဒီဇိုင်း ရွှေအိမ်စည်ပိုးထည်တွေ ပစ္စည်းပြတ်အောင် အရောင်းသွက်


ဓာတ်ပုံ - Fashion Magazine

မန္တလေး၊ ဩဂုတ် ၂၂- မန္တလေးမြို့မှာ အသစ်အဆန်း ပိုးထည်ချည်ထည်ဒီဇိုင်းလေးတွေနဲ့နာမည်ရခဲ့တဲ့ ပေါ်ဦးပိုးထည်ရဲ့ ကိုယ်ပိုင်ဒီဇိုင်းဖြစ်တဲ့ ရွှေအိမ်စည်ပိုးထည်တွေက ပစ္စည်းပြတ်တဲ့အထိ ရောင်းအားကောင်းတယ်လို့ သိရပါတယ်။

အမျိုးသားဝတ်၊ အမျိုးသမီး ဝတ်ပိုးထည်ချည်ထည်တွေကို ကိုယ်ပိုင်အဆင်ဒီဇိုင်း သစ်လေးတွေ ဖန်တီးရောင်းချနေတဲ့ ပေါ်ဦးပိုးထည်ချည်ထည်က လွန်ခဲ့တဲ့သုံးပတ်ခန့်က အမျိုးသမီးဝတ် ပိုးပါးရွှေအိမ်စည်ဒီဇိုင်းသစ်တွေကို ထုတ်လုပ်ခဲ့ပါတယ်။

အဆိုပါ ရွှေအိမ်စည်ပိုးထည်တွေက အရောင်ငါးမျိုးလာပြီး လက်ကားဈေးတစ်စုံကို ကျပ် ၁၅,၀၀၀၊ လက်လီဈေးတစ်စုံ ကျပ် ၂၀,၀၀၀ နဲ့ ရောင်းချခဲ့ကာ လက်ရှိမှာ ပစ္စည်းပြတ်တဲ့အထိ ရောင်းအားကောင်းခဲ့တယ်လို့ သိရပါတယ်။

အသစ်အဆန်းလေးတွေ အမြဲတမ်းထုတ်နိုင်မှ ဈေးကွက်မှာ ပိုမိုထိုးဖောက်နိုင်မယ်ဆိုတဲ့ ပေါ်ဦးပိုးထည်ချည်ထည်ပိုင်ရှင် ကိုလင်းထက်ဖြိုးက 'ဒီပိုးထည်တွေက မရွှေအိမ်စည်နဲ့ မမေဂရေ့စ်နဲ့ ကြော်ငြာထားတာပါ၊ သူက ပိုးထည်အမျိုးအစားပါ၊ ဒစ်ဂျစ်တယ်ပရင်းတင်းနဲ့ ထုတ်ထားပြီး အရင်ခေတ်စားခဲ့တဲ့ ပုံစံလေးတွေကို တစ်ခါပြန် ဆန်းသစ်ပြီး လုပ်ထားတာလေးတွေပါ၊ အဲဒါကို ခေတ်ပုံစံလေးတွေ ပြန်ချုပ်ပြီး မော်ဒယ်လေးတွေနဲ့ ဝတ်ပြထားတယ်၊ ကျွန်တော်တို့ ဆိုဖက်ရှင်မဂ္ဂဇင်းနဲ့ လက်တွဲပြီး ဓာတ်ပုံရိုက်ထားတာ၊ ဖက်ရှင်မဂ္ဂဇင်းကို မထွက်သေးဘူး။ ဓာတ်ပုံလေးတွေက ပြန့်သွားပြီး ဆိုင်မှာလဲ အရမ်းရောင်းကောင်းတယ်၊ အခုကျပစ္စည်းတောင် ပြတ်သွားပြီ၊ သူကပိုးပါးလေးတွေဆိုတော့ ပေါ့ပေါ့ပါးပါးလေးတွေနဲ့ နေ့တိုင်းဝတ်လဲ ရတယ်၊ သွားသွားလာလာလေးဝတ်လဲရတယ်၊ ပွဲထိုင်မှ မဟုတ်ဘူး၊ ထသွားထလာ ဝတ်လို့ရတယ်၊ ပိုးပါးလေးတွေဆိုတော့ ပူလဲမပူဘူး။ ပြီးတော့အင်္ကျီကို သူပါတဲ့အစနဲ့ မကြိုက်ဘူးဆိုရင် အခုပေါ်နေတဲ့ အပါးစလေးတွေနဲ့လဲ ချုပ်ပြီးဝတ်ကြတယ်၊ ပြီးရင်သူက လက်တင်ပဝါလေးတွေလဲ ပါတော့မိန်းကလေးတွေ ဘုရားသွားကျောင်းသွားလဲရတယ်၊ ဓာတ်ပုံရိုက်ရင်လဲ ပိုလှတယ်၊ ပိုပြီး ဖက်ရှင်ကျတာပေါ့'လို့ ရှင်းပြပါတယ်။ အဆိုပါ ရွှေအိမ်စည်ပိုးထည်တွေကို လူကြိုက်များတဲ့ အရောင်လေးတွေနဲ့ထုတ်လုပ်ထားပြီး လူငယ်ကြိုက်၊ လူကြီးကြိုက်ဖြစ်အောင် ခေတ်ဆန်ပြီးအိခြေရှိတဲ့ အရောင်လေးတွေ စပ်ပေးထားတယ်လို့ ဆိုပါတယ်။

'ဒီဇိုင်းလေးတွေကလဲ အနုစိပ်တယ်၊ ရိုးရိုးပြောင်ပေါ်မှာပဲ မဟုတ်ဘဲနဲ့ ဒီဇိုင်းလေးတွေကအစ သေသေချာချာပေါ့၊ ဥပမာ အရောင်စပ်လေးတွေပေါ်မှာကနုတ်လေးတွေ၊ အဲဒီအပေါ်မှာမှ ဇင်းမယ်ဆင်၊ ကချင်ဆင်လေးတွေကို ဒီဇိုင်းလေးတွေ အထပ်ထပ် သေချာလုပ်ထားတယ်၊ ထွက်တာက အလွန်ဆုံးရှိ သုံးပတ်၊ တစ်လလောက်ပဲ ရှိဦးမယ်၊ အခုလောလောဆယ် ပစ္စည်းပြတ်နေလို့ ၁၅ရက်၊ တစ်လလောက်ကြာမှ ပစ္စည်းပြန်ရောက်မယ်၊ လက်ရှိဒီဇိုင်းကိုလဲ ထုတ်မယ်၊ နောက်ထပ်အသစ်တွေလဲထွက်မယ်၊ ကျွန်တော်တို့က ပထမဆုံး ဒီဇိုင်းငါးမျိုးနဲ့ထုတ်ထားတော့ လက်ရှိ ဈေးကွက်ထဲမှာလဲ လူကြိုက်အများဆုံးဖြစ်နေတော့ ဆက်ထုတ်ဖို့ အလားအလာအများကြီး ရှိပါတယ်'လို့ ကိုလင်းထက်ဖြိုးက ပြောပါတယ်။

ပွင့်လင်းရာသီလာတော့မယ့် အပြင် ဘုရားသွားကျောင်းတက်ကြတဲ့ အချိန်လေးလည်းဖြစ်လို့ သည် silk collection လေး ထုတ်ဖြစ်တာပါလို့ ဆိုပါတယ်။ လူကြီးလူငယ်ဝတ်ဆင်လို့ရမယ့် ရိုးရာအဆင်လေးတွေအပြင် လူငယ်ဖန်စီအနေနဲ့ပါ ပေါ့ပေါ့ပါးပါးဝတ်လို့ရမယ့် ဟော့ရှော့ဒီဇိုင်းလေးတွေကိုပါ ထုတ်လုပ်ထားတယ်လို့ သိရပါတယ်။ အမျိုးသားဝတ်တွေမှာတော့ ကျော်ထက်အောင် ပိုးတွဲပုဆိုး၊ ပေါ်ဦးကယားပုဆိုးတွေနဲ့နာမည်ရခဲ့တဲ့ ပေါ်ဦးက လက်ရှိမှာလည်း လူငယ်တွေအကြိုက် ပုဆိုးအဆင်ဆန်းလေးတွေ ထပ်မံဖန်တီးထားပြီး ဖောက်သည်ဈေး ကျပ် ၄၀၀၀ ကျော် တန်ကနေ ကျပ် ၅၀၀၀ ကျော်၊ ၇၀၀၀ ကျော်တန်တွေကို လူငယ်လူကြီးကြိုက် အဆင်ဆန်းတွေ ထပ်မံဖန်တီးထားတယ်လို့ သိရပါတယ်။ ပေါ်ဦးပိုးထည်ချည်ထည်တွေကို တော့ အမရပူရ၊ တောင်မြို့၊ သဲတော၊ ဝမ်းတွင်းကနေ ထုတ်လုပ်တယ်လို့ သိရတယ်။ လက်ရှိဈေးကွက်အခြေအနေနဲ့ ပတ်သက်ပြီးလည်း ကိုလင်းထက်ဖြိုးက 'ဈေးကွက်အခြေအနေကတော့ ကျွန်တော်တို့ အထည်လောကမှ မဟုတ်ဘူး။ ဘယ်ဟာမဆိုက ရှင်းရှင်းပြောရရင် ပေါ်ပင်လေးတွေများတာပေါ့'လို့ ပြောပါတယ်။

> “ပေါ်ဦးပိုးထည်ချည်ထည်တွေကို အမရပူရ၊ တောင်မြို့၊ သဲတော၊ ဝမ်းတွင်းကနေ ထုတ်လုပ်တယ်”



ပေါ်ဦးပိုးထည်ချည်ထည် အဆင်ဆန်းတွေကို paw oo ဖေ့စ်ဘုတ်ခ်ပေ့ချ်မှာ ဝင်ရောက်ကြည့်ရှုနိုင်တယ်လို့ သိရပါတယ်။ **စွဲ့အာဖြူ**

# ပြည်တွင်းထုတ် ပေါင်းသကြား ဈေးမြင့်တက်လာ

မန္တလေး၊ ဩဂုတ် ၂၂ - ရီအိတ်စပို့သကြားတင်သွင်းမှု ပိတ်ပင်လိုက်ပြီးနောက် ပြည်တွင်းဈေးကွက်မှာ ပြည်တွင်းထုတ် ပေါင်းသကြား ဈေးမြင့်တက်လာသလို အရောင်းအဝယ်လည်း ကောင်းမွန်နေပါတယ်။

သည်လ ၁၅ ရက်က ပေါင်းသကြား တစ်ပိဿာ ကျပ် ၁၁၀၀ ကနေ ၁၂၀၀ ကြားရှိရာကနေ သည်နေ့ (ဩဂုတ်လ ၂၂ ရက်)မှာ တစ်ပိဿာ ကျပ် ၁၂၃၀ ကနေ ၁၂၈၀ ကြားမြင့် တက် လာပါတယ်။

ပြည်တွင်းသကြားဈေးကွက် အလားအလာဟာ ရီအိတ်စပို့ သကြားတင်သွင်းခွင့်ပြုတဲ့အပေါ် တည်မှီနေပြီး တင်သွင်းခွင့်ပြု မပြုနဲ့ တင်သွင်းတဲ့ပမာဏအလိုက် ဈေးကွက်အပြောင်းအလဲတွေ ဖြစ်ပေါ်ပါတယ်။ ၂၀၁၆ ခုနှစ်က ရီအိတ်စပို့ ခွင့်ပြုစဉ်မှာ ကြံဈေးအဆမတန် ကျဆင်းခဲ့သလို ပြည်တွင်းထုတ် သကြားဈေးလည်း ကျဆင်းတယ်။ ၂၀၁၇ ကြံထွက်ရာသီမှာတော့ ရီအိတ်စပို့လိုင်စင်ယာယီပိတ်ပင်မှုကြောင့် ပြည်တွင်းထုတ်သကြားဈေးကောင်းမွန်ခဲ့ပါတယ်။

ပြည်တွင်းထုတ်သကြားဈေးကွက် ကောင်းမွန်နေတဲ့ အရိပ်လက္ခဏာပြသနေပြီး သည်လိုဈေးကွက်အနေအထားအတိုင်း သာရှိနေမယ်ဆိုရင် သကြားဈေးကွက်ထပ်မံမြင့်နိုင်ခြေရှိတယ်။ ဒါကြောင့် သည်နှစ်မှာ ကြံဈေးလည်း ကောင်းမွန်လာဖို့ ဈေးကွက်ကျွမ်းကျင်သူ အချို့က မျှော်မှန်းပါတယ်။


ပြည်တွင်းထုတ်သကြားဈေးကွက် ကောင်းမွန်နေပါတယ်။

'ကျွန်တော်တို့ စိုက်ပျိုးထုတ်လုပ်သူတွေအနေနဲ့ကတော့ ဒါကောင်းတဲ့လက္ခဏာ၊ မနှစ်ကလဲ ဒီလိုပိတ်ထားလိုက်တော့ ကျွန်တော်တို့ထုတ်တဲ့ ပြည်တွင်းသကြားတွေက အကုန်ရောင်းလိုက်ရတယ်၊ ဈေးကောင်းရလိုက်တယ်၊ အဲဒါကြောင့်မို့ ကျွန်တော်တို့က ကြံကို မနှစ်က ၄၃,၀၀၀ လောက်ကနေ ၅၃,၀၀၀ လောက်အထိ ဈေးကောင်းရခဲ့တယ်၊ ခုနှစ်လဲဒါဆိုရင်တော့ အလားအလာကောင်းသွားပြီ'လို့ မြန်မာနိုင်ငံသကြားနှင့် ကြံထွက်လုပ်ငန်းရှင်များအသင်းက ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးက ပြောပါတယ်။

သည်လို အခြေအနေတွေကြောင့် ပြည်တွင်းသကြားလုပ်ငန်းရှင်တွေ၊ ကြံထွက်လုပ်ငန်းရှင်တွေနဲ့ ကြံစိုက်တောင်သူတွေဟာ ရီအိတ်စပို့သကြားတင်သွင်းခွင့်ပြုတဲ့ပမာဏနဲ့ပတ်သက်ပြီး ထိန်းညှိလုပ်ဆောင်ပေးဖို့ ပြောဆိုခဲ့ကြတာတွေ့ရပါတယ်။

**မိုးမြင့်ထွန်း**

www.burmeseclassic.com





လက်ရှိဈေးကွက် ဒေါ်လာဈေးအပေါ် မှာ မူတည်တာဆိုတော့ ဒေါ်လာဈေးတက်ရင် တက်တယ်၊ ဒေါ်လာဈေးကျရင် ကျတယ်။

# ရွှေ ပြည်ပကုန်သွယ်မှုစတင်ရင်လည်း ပြည်တွင်းဈေးကွက် ကြီးမားတဲ့ပြောင်းလဲနိုင်ခြေနည်း

**မန္တလေး၊ ဩဂုတ် ၂၂** – ပြည်တွင်းရွှေဈေးကွက်ဟာ ဒေါ်လာဈေး အတက်အကျပေါ်မှာသာ မူတည်ပြောင်းလဲနေတာဖြစ်လို့ ရွှေနဲ့ လက်ဝတ်ရတနာတွေ ပြည်ပတင်ပို့၊ ပြည်တွင်းတင်သွင်းလုပ်ငန်းစတင်ရင်လည်း ပြည်တွင်းဈေးကွက်မှာ အပြောင်းအလဲ ကြီးကြီးမားမားဖြစ်လာနိုင်ခြေနည်းပါးတယ်လို့ ကျွမ်းကျင်သူအချို့က သုံးသပ်ပါတယ်။

'လောလောဆယ်တော့ ဘာမှ မပြောနိုင်သေးဘူး။ တစ်ခါမှလဲ အဲဒီလို တရားဝင်သွင်းတာ ထုတ်တာလဲ မရှိတော့ အကောက်ခွန်တွေကလဲ ဘယ်လိုကောက်မလဲ၊ ဘာမှရေရေရာရာ မသိသေးတော့ ကျွန်တော်တို့ထင်တာတော့ သိပ်ပြီးတော့ အတက်အကျ မဖြစ်လောက်တော့ဘူး'လို့ အောင်သမာဓိရွှေဆိုင်လုပ်ငန်းက ဦးမော်က ပြောပါတယ်။

ရွှေနှင့် လက်ဝတ်ရတနာများ ပြည်ပတင်ပို့၊ တင်သွင်းခြင်းလုပ်ငန်းကို တစ်နေရာတည်းအပြီးလုပ်ဆောင်ပေးမယ့် (one stop service) ကို ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်ရှိ Culture Valley မှာ စက်တင်ဘာ ၃ ရက်က စတင်ဆောင်ရွက်မယ်လို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ယခုလ (ဩဂုတ် ၁၄ ရက်)က ထုတ်ပြန်ကြေညာပါတယ်။

ရွှေပြည်ပတင်ပို့၊ တင်သွင်းခြင်းကိုတရားဝင်ခွင့်ပြုကြောင်း ယခုနှစ်ဇန်နဝါရီလက ကြေညာပြီးနောက် ခုနစ်လအကြာမှာ ယခုလို တစ်နေရာတည်းအပြီးလုပ်ဆောင်ပေးမယ့် (one stop service)ကို ပြုလုပ်တာဖြစ်ပါတယ်။ မန္တလေးဈေးကွက်အတွင်း လတ်တလောရွှေဈေးမြင့်တက်နေမှုတွေဟာ ဒေါ်လာဈေးအတက်အကျကြောင့်သာဖြစ်ပြီး ပြည်ပသို့ ရွှေတရားဝင် တင်ပို့၊ တင်သွင်းခွင့်ပြုတဲ့ကိစ္စနဲ့ ပတ်သက်မှုမရှိဘူး လို့ ဈေးကွက်ကျွမ်းကျင်သူအချို့က ဆိုပါတယ်။

'အခုလောလောဆယ်ကတော့ မနက်က ကျပ် ၉၅၄,၀၀၀ ကျော်ကနေ ကျပ် ၅၀၀၀ ကျော်အထိ၊ အခုတစ်ခါ ကျပ် ၃၈၀၀၊ ကျပ်၃၉၀၀ အဲဒီလို မျိုးပြန်ကျတယ်ဆိုတော့ ရွှေဈေးအပေါ်မှာပဲ မူတည်နေမှာပဲ၊ ဈေးကတော့ တက်ဦးမယ်၊ ကျဦးမယ်လို့ ပြောလို့မရဘူး၊ အရောင်းအဝယ်ကတော့ အခုအချိန်အထိ အရောင်းရောအဝယ်ရော ခပ်မှျမှျပဲ၊ လက်ရှိဈေးကွက်ကတော့ ဒေါ်လာဈေးအပေါ်မှာ မူတည်တာဆိုတော့ ဒေါ်လာဈေးတက်ရင် တက်တယ်၊ ဒေါ်လာဈေးကျရင် ကျတယ်၊ ဒေါ်လာဈေးက မမှန်တော့ တက်မလား ကျမလား ပြောလို့မရဘူး'လို့ ဦးမော်က ပြောတယ်။

ရွှေ တင်သွင်းတင်ပို့ခွင့်ကိစ္စနဲ့ ပတ်သက်ပြီး လတ်တလောမှာ ရေရေရာရာ ပြောလို့မရနိုင်သေးပေမဲ့ တင်သွင်းတင်ပို့မှု စတင်ချိန်မှာတော့ တင်သွင်းတင်ပို့တဲ့ ပမာဏကို လိုက်ပြီးဈေးကွက်အပေါ်မှာတော့ သက်ရောက်မှုရှိနိုင်တယ်လို့ မန္တလေးတိုင်းဒေသကြီးရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက ခန့်မှန်းပါတယ်။

'တန်နဲ့ချီသွားတဲ့အချိန်မှာက ရွှေဈေးက တက်မယ့်သဘောမျိုးရှိမှာ တစ်ခါ ဟိုဘက်က တန်နဲ့ချီဝင်မယ်ဆိုလဲ ဒီဘက်က ဈေးကျမှာ၊ အဲဒီလိုရှိမှာပဲ၊ သူ့ရဲ့အကျိုးဆက်ကောင်းတာက အင်ပို့ အိတ်စပို့လုပ်တာကို နိုင်ငံတော်က အခွန်ရမယ်၊ တရားဝင်လမ်းကြောင်းသွားတဲ့သူအနေနဲ့လဲ သွားတဲ့ဟာက တရားဝင်ဖြစ်တဲ့အတွက် လမ်းကြောင်းလုံခြုံစိတ်ချမှု အများကြီးဖြစ်မယ်'လို့ မန္တလေးတိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးတင်ထွန်းက ခန့်မှန်းပြောဆိုပါတယ်။

ပစ္စည်းများတင်ပို့/တင်သွင်းခြင်းနှင့် ပတ်သက်ပြီး ရွှေတင်ပို့မှုအတွက် အခွန် သုညရာခိုင်နှုန်း သတ်မှတ်ထားပြီး သွင်းကုန်အတွက် အခွန်သတ်မှတ်ဖို့ညှိနှိုင်းနေဆဲဖြစ်တယ်။ အခွန်အခနဲ့ပတ်သက်လို့ တိတိကျကျမသိရသေးတဲ့အတွက် ရွှေတင်ပို့တင်သွင်းခြင်းလုပ်ငန်းကြောင့် ဈေးကွက်မှာ ဘယ်လောက်အပြောင်းအလဲတွေဖြစ်နိုင်လဲဆိုတာကို ခုချိန်မှာ သုံးသပ်ဖို့ စောလွန်းနေတယ်။ ပြည်ပရွှေတင်သွင်းခြင်းအပေါ် အခွန်ကောက်ခံမှုနှုန်းထား၊ သယ်ယူပို့ဆောင်စရိတ်နဲ့ တင်သွင်းတင်ပို့ခြင်းအတွက် လုပ်ကိုင်ရတဲ့လုပ်ငန်း လွယ်ကူချောမွေ့မှုစတာတွေအပေါ် မူတည်တယ်လို့ သိရပါတယ်။

> “ရွှေတင်ပို့မှုအတွက် အခွန်သုည ရာခိုင်နှုန်း သတ်မှတ်ထားပြီး သွင်းကုန်အတွက် အခွန်သတ်မှတ်ဖို့ ညှိနှိုင်းနေဆဲ ဖြစ်တယ်”

အောင်သမာဓိရွှေဆိုင်လုပ်ငန်းက ဦးမော်က 'သွင်းလာလို့ ကောင်းတယ်၊ မကောင်းဘူးကတော့ ကျွန်တော်တို့ကတော့ ပြောလို့မရဘူး၊ တစ်ခါမှလဲ အဲဒီလို သွင်းဖူးတာတွေ၊ ထုတ်ဖူးတာတွေ မရှိသေးဘူးလေ၊ ဒါပထမဦးဆုံးအကြိမ်ဆိုတော့ ဘယ်သူမှလဲ သွင်းတာလဲ မတွေ့ဖူးသေးဘူး။ ပို့တာလဲ မတွေ့ဖူးသေးဘူးလေ၊ ကောင်းလာမလားဆိုတာကတော့ ရွှေဆိုတာကတော့ နိမ့်တဲ့ဆီကနေမြင့်တဲ့ ဆီသွားနေတာဆိုတော့ နောက် ပြည်တွင်းထုတ်လုပ်မှု အင်အားနဲ့ လိုအပ်ချက်တွေက ရှိနေတဲ့အတွက် သွင်းတာကတော့ ကောင်းမှာပါ၊ ဒါပေမဲ့ အမြတ်ခွန်နဲ့ အခွန်အခတွေက ဘယ်လိုလာဦးမလဲ မပြောတတ်သေးဘူး။ နောက် လေယာဉ်ပျံနဲ့ လာလို့ သွင်းတာ ထုတ်တာတွေလဲ၊ လွယ်ကူမလား မလွယ်ကူဘူးလားဆိုတာ ဒါတွေလဲ ကြည့်ရဦးမှာပဲလေ၊ ကျွန်တော်တို့လဲ တစ်ခါမှမလုပ်ဖူးတော့ မပြောတတ်ဘူးဗျ၊ ကျွန်တော်တို့ကတော့ ရွှေသွင်းတာထုတ်တာမျိုးက မျက်မမြင်ပုဏ္ဏား ခြောက်ယောက် ဆင်စမ်းသလို ဖြစ်နေမှာဆိုတော့ ကောင်းပါမယ်လည်း မပြောတတ်ဘူး။ မကောင်းဘူးလဲ မပြောတတ်ဘူး'လို့ ပြောပါတယ်။

**စတ္တာ၊ မိုးမြင့်ထွန်း**

## မြရည်နန္ဒာအိမ်ရာ အငြိမ်းစားဝန်ထမ်းနဲ့ လက်ရှိဝန်ထမ်းတွေကို မဲနှိုက် ရောင်းချပေးမည်

**မန္တလေး၊ ဩဂုတ် ၂၂** – မန္တလေးချမ်းမြသာစည်မြို့နယ်ရှိ မြရည်နန္ဒာတန်ဖိုးမျှတအိမ်ရာတိုက်ခန်းစုစုပေါင်း ၃၀ ရာခိုင်နှုန်း (အခန်းပေါင်း ၂၀၀ ကျော်)ကို အငြိမ်းစားဝန်ထမ်းတွေနဲ့အခန်း၆ရ၂ ခန်းကိုလက်ရှိဝန်ထမ်းတွေအတွက် မဲနှိုက်ပေးသွားမယ်လို့ သိရပါတယ်။

ကျန် တိုက်ခန်းတွေအနက် လက်ရှိဝန်ထမ်းတွေကိုလုပ်သက် ၂၆ နှစ်နှစ်နှင့်အထက်အတွက် ၄၀ ရာခိုင်နှုန်း(အခန်းပေါင်း၂၆၀ ကျော်)၊ ၁၁ နှစ်မှ ၂၅ နှစ်အတွက် ၂၀ ရာခိုင်နှုန်း(အခန်းပေါင်း ၁၃၀ ကျော်)နှင့် လုပ်သက် ၁၀နှစ်အောက် အတွက် ၁၀ ရာခိုင်နှုန်း (အခန်းပေါင်း ၆၀ ကျော်)အချိုးအတိုင်း ပွင့်လင်းမြင်သာစွာ မဲနှိုက်ရွေးချယ်ပေးမယ်လို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင်တစ်ဦးဆီက သိရပါတယ်။

ရောင်းချပေးမယ့် အိမ်ရာတွေကာ RC လေးခန်းတွဲခြောက်ထပ်၊ အဆောက်အအုံ ၂၈ လုံး ရှိအခန်းပေါင်း ၆ရ၂ ခန်းဖြစ်တယ်လို့ သိရပါတယ်။

လျှောက်လွှာတွေကို ရုံးပိတ်ရက်တွေအပါအဝင် ဇူလိုင်လ ၂၄ ရက်မှ ဩဂုတ်လ ၇ ရက်အထိ ရောင်းချပေးခဲ့ပြီး ဩဂုတ်လ ၁ ရက်မှ ဩဂုတ်လ ၁၄ ရက်နေ့အထိ လျှောက်လွှာတွေ ပြန်လည်လက်ခံခဲ့ပါတယ်။

သတ်မှတ်စည်းကမ်းချက်တွေနဲ့ ကိုက်ညီတဲ့လျှောက်လွှာတွေကို စည်ပင်သာယာရေးကော်မတီရုံးဝင်းအတွင်းရှိ ကြော်ငြာဘုတ်မှာ အခုလ ၂၄ ရက်ထုတ်ပြန်ကြေညာမဲလက်မှတ်ထုတ်ပေးမယ်လို့ သိရပါတယ်။

သည်လ ၂၆ ရက် နံနက် ၉း၀၀ နာရီအချိန်မှာ မန္တလေးမြို့ မြို့တော်ခန်းမမှာ ပွင့်လင်းမြင်သာစွာဖြင့် မဲနှိုက်ရွေးချယ်ရောင်းချပေးမှာ ဖြစ်တယ်၊ ဈေးငွေနဲ့ ဝယ်ယူလိုသူတွေအတွက် ဘဏ် လေးခုကိုလည်း ဖွင့်လှစ်ပေးထားမယ်လို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက သိရပါတယ်။

**မိုးမြင့်ထွန်း**

www.burmeseclassic.com






ခရီးသည် နှစ်ယောက်ထက် ပိုပါရင်တော့ ဂရက်ဘ်တက္ကစီ ဒါမှမဟုတ် Grab Taxi Plus ကို ငှားလို့ရပါတယ်။

# ဂရက်ဘ်ရှယ် ဘာတွေ အားနည်းနေသလဲ

ရန်ကုန်၊ ဩဂုတ် ၂၂ - ဂရက်ဘ်တက္ကစီဟာ ပြီးခဲ့တဲ့ ဩဂုတ်လ ၁ ရက်ကစပြီး အငှားယာဉ် မျှဝေစီးနင်းနိုင်တဲ့ Grab Share ဝန်ဆောင်မှုကို ရန်ကုန်မှာ စတင်မိတ်ဆက်ပါတယ်။

အဲသည် ဝန်ဆောင်မှုမှာ အမျိုးသမီးတစ်ဦးတည်း လိုက်ပါစီးနင်းရင် အဆင်မပြေနိုင်တဲ့ အားနည်းချက်အချို့ရှိနေတယ်လို့ သိရတယ်။

ဂရက်ဘ်ရဲ့ ကာစတန်မာအမျိုးသမီးတစ်ဦးက 'Grab Share စီးရမှာကို မကြိုက်တာက ကိုယ်နဲ့မသိတဲ့သူနဲ့ အတူတူ မစီးချင်တာရယ်၊ အဲဒီလူက ယာဉ်မောင်းနဲ့ကိုယ့်ကို ဒုက္ခပေးမှာစိုးတာရယ် တွေးမိလို့ မကြိုက်ခဲ့တာပါ၊ ခုတော့ ယာဉ်မောင်းကိုယ်တိုင် Grab Share ကို ခုတုံးလုပ်ပြီး မရိုးမသားကြံစည်လာတယ်၊ အထူးသဖြင့် မိန်းကလေးတွေ သတိနဲ့သွားလာကြပါလို့ စေတနာနဲ့ပြောချင်ပါတယ်'လို့ သူ့ရဲ့ဖေ့စ်ဘုတ်ခ်စာမျက်နှာကနေ သတိပေးထားပါတယ်။

သူရေးသားထားတဲ့ ဖြစ်စဉ်အပြည့်အစုံကတော့ ပြီးခဲ့တဲ့ဩဂုတ်လ ၁၈ ရက် ည ၁၀း၀၀ နာရီဝန်းကျင်မှာပါ။ မေခ မလိခ အိမ်ရာကနေ ဝေဇယန္တာ ပြည်သာယာလမ်းကို သွားဖို့ ဂရက်ဘ်တက္ကစီကို ခေါ်ပါတယ်။ သိပ်မကြာခင်မှာ ကားရောက်လာတော့ အရှေ့ခန်းမှာ လူတစ်ယောက် ပါလာပါတယ်။ အဲဒါနဲ့ လူပိုပါတာလား။ အဲဒါဆို အဆင်မပြေဘူးလို့ပြောတော့ Grab Share နဲ့ခေါ်တာလေတဲ့၊ Grab Share ကို စမိတ်ဆက်ကတည်းက ယနေ့အထိ နောက်နောင်လဲ စီးဖို့ ဘယ်တုန်းကမှ စိတ်မဝင်စားခဲ့ပါဘူး။ ကိုယ့်ဖုန်းကို ပြန်ကြည့်တော့လည်း Grab Share နဲ့ ငှားထားတာမဟုတ်ဘူးဆိုတာ သေချာပါတယ်။ အဲဒါနဲ့ ကျွန်မ ဘယ်တုန်းကမှ Grab Share မငှားပါဘူး။ လူပိုပါရင် မငှားနိုင်ပါဘူးဆိုပြီး Grab Share cancel လုပ်လိုက်ပါတယ်။ သည်လူနှစ်ယောက် မရိုးသားမှန်းသိသာသွားတာက Grab Share နဲ့မခေါ်ပါဘဲ ခေါ်တယ်လို့ လိမ်ပြောတာရယ်၊ နောက်တစ်ချက်က Grab Share စီးဖို့က သွားမယ့်လမ်းကြောင်းတူမှ စီးလို့ရတာပါ။ နေ့ခင်းဘက်တောင် လမ်းကြောင်းတူဖို့ဆိုတာ နည်းနည်းတော့ရှားပါတယ်။ ဒါကို ညဘက်ကြီး ချက်ချင်းလမ်းကြောင်းတူတယ်ဆိုတာ ဖြစ်နိုင်ရဲ့လား။ ဒါကြောင့် သည်လူနှစ်ယောက်ဟာ မရိုးသားပါဘူး။ နောက်တစ်ချက်က သည်လိုဖြစ်တော့ သူငယ်ချင်းမိန်းကလေးတွေက သူတို့ပဲပြန်ပို့ပေးမယ်ဆိုပြီး အိမ်လိုက်ပို့ခဲ့ပါတယ်။

ဒါပေမဲ့ ခုနက ခေါ်မိတဲ့ ဂရက်ဘ်တက္ကစီက ကိုယ်ငှားထားတဲ့နေရာကို သိတော့ အဲသည်မှာ သွားစောင့်နေခဲ့တယ်နဲ့တူပါတယ်။ ဒါပေမဲ့ လုံခြုံရေးတွေလည်းရှိနေတော့ သူတို့ဘာမှ မလုပ်ရဲဘူး။ အဲဒါနဲ့ သူငယ်ချင်းတွေကိုယ့်ကိုအိမ်ရှေ့ပို့ပြီး အပြန်ကျတော့ သူငယ်ချင်းကားနောက်မှာ အဲသည် ဂရက်ဘ်တက္ကစီက တောက်လျှောက် လိုက်လာပါတယ်။ ရှေ့ကားရပ်ရင် လိုက်ရပ်ပါတယ်။ မီးပွိုင့်မိတဲ့အခါ ဘေးမှာယှဉ်ရပ်ပြီး ပါးစပ်သရမ်းပါတယ်။ ဂရက်ဘ်တက္ကစီဟာ လုံခြုံစိတ်ချရတယ်လို့ ယုံကြည်ပြီး အမြဲစီးခဲ့တာ။ အခုတော့ သည်လိုမသမာသူတွေကြောင့် ယုံကြည်မှု ကင်းမဲ့သွားပါပြီ။ သည်စာဖတ်သူ တိုင်း စဉ်းစားကြည့်ပါ။ ဒါဟာ ရိုးသားသလား၊ မရိုးသားဘူးလားဆိုတာ။ ဂရက်ဘ်ကိုလည်း သည်ကိစ္စကို လှမ်းပြောမှာပါ။ အခုထိလည်း ဒေါသ အရမ်းထွက်နေတုန်းပါပဲ။ အားလုံးလည်း အထူးသဖြင့် မိန်းကလေးတွေ သတိနဲ့သွားလာကြပါလို့ စေတနာနဲ့ ပြောချင်ပါတယ်။

အဲသည်လို လူပိုပါလာရင် ကျွန်တော့် မိန်းမပါ၊ သားပါ၊ သမီးပါ ဘာညာပြောလဲ မယုံပါနဲ့။ အားနာပြီးလည်း မစီးသွားပါနဲ့။ ဂရက်ဘ်တက္ကစီမှာ သည်လို လူပိုပါလာတာမျိုး ကြုံရတာ ဒါနဲ့ဆို နှစ်ခါရှိပါပြီ။ အရင်တစ်ခါကတော့ လူပိုပါတာကို ကျွန်တော့်သားလို့ ယာဉ်မောင်းက ပြောတယ်။ သားရဲ့ ရုပ်ကြည့်တော့ ဖအေထက် ရင့်ထော်နေတာ ဖြစ်နိုင်ပါ့မလား။ သည်တော့ လုံးဝမစီးပါနဲ့။ အားလုံး သတိထားနိုင်ဖို့ မျှဝေတာသာဖြစ်တယ်။ ဘယ်သူ့ကိုမှ နစ်နာစေလိုတာမျိုး နာမည်ဖျက်လိုတာမျိုး မရှိပါဘူးလို့ သူ့ရဲ့ဖေ့စ်ဘုတ်ခ်စာမျက်နှာမှာ ရေးထားပါတယ်။

> “ကျွန်တော့် မိန်းမပါ၊ သားပါ၊ သမီးပါ ဘာညာပြောလဲ မယုံပါနဲ့။ အားနာပြီးလည်း မစီးသွားပါနဲ့”

အဲသည်ပေ့ချ်မှာ လိုက်ခ်လုပ်သူ ပေါင်း ၁၃,၀၀၀ ရှိပါတယ်။ ပြီးခဲ့တဲ့ နှစ်ရက်က ကွန်းမန့်နေရာမှာ သူက ပြန်ဖြေထားတာက ဂရက်ဘ်က ဖုန်းဆက်ပါတယ်။ သူတို့ထိထိရောက်ရောက် အရေးယူပါ့မယ်တဲ့။ သေချာလေးလည်း တောင်းပန်သွားပါတယ်။ ဂရက်ဘ်ကို အားနာပေမဲ့ နောက်ထပ် မကြုံချင်တော့လို့ပါလို့ ရေးထားပါတယ်။

## Grab Share ဆိုတာ

ယာဉ်စီးခအများဆုံး ၂၀ ရာခိုင်နှုန်းအထိ ချွေတာလို့ရတဲ့ ဂရက်ဘ်ရဲ့ ဝန်ဆောင်မှုအသစ်ပါ။ ဂရက်ဘ်အပလီကေးရှင်းကို ဖွင့်ပြီး လာကြိုရမယ့်နေရာ၊ ပို့ရမယ့်နေရာကို ရိုက်ထည့်လိုက်ပါ။ ပြီးရင် Grab Share အိုင်ကွန်ကို ရွေးနှိပ်လိုက်ရုံပါပဲ။ Book ကို နှိပ်ပြီး ယာဉ်မငှားရမ်းခင် ခရီးသည် ဘယ်နှယောက်ပါမယ်ဆိုတာလေး ရွေးပေးရပါမယ်။ ခရီးသည် နှစ်ယောက်ထက် ပိုပါရင်တော့ ဂရက်ဘ်တက္ကစီ ဒါမှမဟုတ် Grab Taxi Plus ကို ငှားလို့ရပါတယ်။

ဂရက်ဘ်ရဲ့တာဝန်ရှိသူတစ်ဦးဖြစ်တဲ့ ကိုရဲထက်ကတော့ ကျွန်တော်တို့ဝန်ဆောင်မှုကို အသုံးပြုပြီး အဆင်မပြေဖြစ်မှုတွေ ဖြစ်ပေါ်ခဲ့တာတွေအတွက် တောင်းပန်ပါတယ်ခင်ဗျာ။ ဖြစ်ပွားခဲ့တဲ့ခရီးစဉ် ID လေးပို့ပေးပြီး ဖြစ်စဉ်ကို ဆက်နွှယ်အကြောင်းကြားနိုင်ပါတယ်။ ကျွန်တော်တို့ ကားဆရာကြီးတွေကို လိုအပ်တဲ့လမ်းညွှန်မှုတွေ၊ ထိရောက်တဲ့အရေးယူမှုတွေကို အလေးထားပြုလုပ်နေပါတယ်လို့ ဆိုပါတယ်။ **အောင်ထွန်းဦး**



www.burmeseclassic.com







နယ်စပ်ကုန်သွယ်ရေးမှာ ဘဏ်လုပ်ငန်းစနစ်နဲ့ မဆောင်ရွက်နိုင်တဲ့အတွက် တရုတ်ဘက်ကိုသွားပြီး ဘဏ်အကောင့်တွေဖွင့်ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

# နယ်စပ်ကုန်သွယ်ရေးငွေအလွှဲအပြောင်း ဘဏ်စနစ်နဲ့ ပြုလုပ်နိုင်ဖို့ တင်ပြထား

နေပြည်တော်၊ဩဂုတ် ၂၂ – နယ်စပ်ကုန်သွယ်ရေးကဏ္ဍမှာဘဏ်စနစ်နဲ့ ငွေလွှဲပြောင်းပြုလုပ်နိုင်ဖို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကို တင်ပြထားတယ်လို့ သိရပါတယ်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က'အဓိကဆောင်ရွက်နေတာတော့ဗဟိုဘဏ်ပေါ့၊ စီးပွားကူးသန်းနဲ့တော့ သိပ်မဆိုင်ဘူး၊ ဒါပေမဲ့ ဘဏ်စနစ်ပဲလုပ်ငန်းဆောင်ရွက်ဖို့တော့ ဗဟိုဘဏ်ကို တင်ပြထားတာတော့ရှိတယ်၊ အစည်းအဝေးမှာ ဆွေးနွေးထားတာတော့ရှိတာပေါ့၊ ဗဟိုဘဏ်ကလဲ စဉ်းစားသုံးသပ်ပါ့မယ်လို့တော့ ပြောတယ်'လို့ ပြောပါတယ်။

လက်ရှိနယ်စပ်ကုန်သွယ်ရေးမှာ ဘဏ်လုပ်ငန်းစနစ်နဲ့ မဆောင်ရွက်နိုင်တဲ့အတွက် မြန်မာကုန်သည်တွေအနေနဲ့ တရုတ်ဘက်ကိုသွားပြီး ဘဏ်အကောင့်တွေဖွင့်ဆောင်ရွက်နေတာဖြစ်ပါတယ်။ အခုလို ဆောင်ရွက်နေရတာကြောင့် တရုတ်ဘက်က သူတို့နိုင်ငံရဲ့ ဥပဒေနဲ့ညီညွတ်မှုမရှိတဲ့ မြန်မာတွေရဲ့ ဘဏ်အကောင့်တွေကို မကြာခဏဆိုသလို ပိတ်နေတာဖြစ်ပါတယ်။ အများဆုံးအပိတ်ခံရတဲ့ ဘဏ်အကောင့်တွေကတော့ ဆန်ကုန်သည်တွေဖြစ်တယ်လို့လည်း သိရပါတယ်။

'ပွဲရုံသမားတွေဆိုပြောတယ်၊ ဦးတို့ဆီကို သူတို့ကဝယ်ဝယ်ချင်း ပိုက်ဆံလွှဲပေးရပေမဲ့ တရုတ်ဘက်က ကုန်သည်တွေက သူတို့ဆီကို ငွေလွှဲတာကြာတယ်၊ တစ်ခါတလေ ထွက်ပြေးတာတွေလဲရှိတယ်ပေါ့'လို့ ကုန်သည်ဦးကိုကိုက ပြောပါတယ်။

ဒါ့အပြင် ပြီးခဲ့တဲ့ရက်ပိုင်းက ဒေါ်လာဈေးတက်တာကို ထိန်းချုပ်တဲ့အနေနဲ့ ရီအိတ်စပို့သကြားလိုင်စင်ထုတ်ပေးခြင်းကို ရပ်ဆိုင်းလိုက်ပါတယ်။ ဒါဟာလည်း တရုတ်နဲ့မြန်မာကြား ဘဏ်စနစ်နဲ့ ငွေပြောင်းငွေလွှဲတွေ မပြုလုပ်နိုင်တာကြောင့် သက်ရောက်မှု ပိုကြီးသွားတာဖြစ်တယ်လို့ သိရပါတယ်။ ရီအိတ်စပို့သကြားတွေဟာ များသောအားဖြင့် မူဆယ်နယ်စပ်ကနေ တရုတ်နိုင်ငံကို အဓိကတင်ပို့နေရတာ ဖြစ်ပါတယ်။ ပြည်ပကနေ ဒေါ်လာနဲ့ဝယ်ယူတင်သွင်းပြီး တရုတ်နိုင်ငံကို ပြန်ရောင်းတဲ့အခါမှာတော့ ယွမ်အနေနဲ့ပဲ ပြန်ရပါတယ်။ ဒါကြောင့်ကုန်သည်တွေအနေနဲ့ကယွမ်ကိုပေါင်ကောင်၊ ထိုင်ဝမ်ကနေတစ်ဆင့် စင်ကာပူကို ဒေါ်လာအနေနဲ့ လဲလှယ်ကာ ငွေပေးချေနေရကြရပြီး တစ်ခါတလေဆိုရင် ဒေါ်လာတွေကို လိုသလောက်ဝယ်လို့မရတဲ့အခြေအနေတွေလည်း ရှိတယ်လို့ သိရပါတယ်။

> “ပြီးခဲ့တဲ့ရက်ပိုင်းက ဒေါ်လာဈေးတက်တာကို ထိန်းချုပ်တဲ့ အနေနဲ့ အိတ်စပို့ သကြားလိုင်စင် ထုတ်ပေးခြင်းကို ရပ်ဆိုင်း လိုက်ပါတယ်”

ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် ဦးချမ်းသာဦးက 'အမှန်တကယ်ဆိုရင်တော့ကျွန်တော်တို့အနေနဲ့က သကြားတစ်တန်ကို ၄၅၀ နဲ့ ဝယ်လိုက်တယ်၊ ဟိုဘက်မှာ ပြန်ရောင်းရင် ၆၀၀ပြန်ရတယ်၊ အမှန်တကယ်လဲ ရောင်းလိုက်တယ်ဆိုတဲ့ အနေအထားမှာ ယွမ်ငွေပြန်ရတာပေါ့နော်၊ အမှန်တကယ်သာ ဒီယွမ်ကို ဒေါ်လာချိန်းနိုင်တဲ့ exchange rate တစ်ခုနဲ့ပေါ့နော်၊ ယွမ်ကနေပြီးတော့ ဒေါ်လာချိန်းနိုင်တဲ့အခြေအနေမျိုး၊ယွမ်ကနေပြီးတော့ ဒေါ်လာပေးပြီးတော့စင်ကာပူမှာ ဒေါ်လာပြန်ချေနိုင်အောင် ဘဏ်စနစ်တွေက ဖွံ့ဖြိုးတိုးတက်တယ်ဆိုရင်တော့ ပိုပြီးတော့ နိုင်ငံခြားလိုငွေဆိုတာ ပြမှာမဟုတ်ပါဘူး'လို့ ပြောပါတယ်။

လက်ရှိမှာ နယ်စပ်ကုန်သွယ်ရေးကိုမူဆယ်၊ လွယ်ဂျယ်၊ချင်းရွှေဟော်စတဲ့ နယ်စပ်ကုန်သွယ်ရေးစခန်းတွေကနေ အဓိက ကုန်သွယ်မှုပြုလုပ်နေတာဖြစ်သလိုမြန်မာနိုင်ငံအနေနဲ့ နယ်စပ်ကုန်သွယ်ရေးကို တရုတ်နိုင်ငံနဲ့ အဓိက ပြုလုပ်နေရတာ ဖြစ်ပါတယ်။ ဒါကြောင့် နယ်စပ်ကုန်သွယ်ရေးမှာမှန်ကန်တဲ့ ဘဏ်စနစ်နဲ့သာ ကုန်သည်တွေ ငွေပေးချေမှု ဆောင်ရွက်နိုင်မယ်ဆိုရင် ကုန်သည်တွေအတွက်သာမက နိုင်ငံအတွက်လည်း အကျိုးရှိလာမယ်လို့ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်အချို့က သုံးသပ်ကြပါတယ်။ မာရီနိုင်

# ကျွဲ၊နွားတွေ ပြည်ပကို ဆက်လက်တင်ပို့မည်

နေပြည်တော်၊ ဩဂုတ် ၂၂ – တိရစ္ဆာန်သန်းခေါင်စာရင်းရဲ့စာရင်းဇယားတွေအရ ပြည်ပကို ကျွဲနွားတင်ပို့မှုရပ်ဆိုင်းမှာမဟုတ်ဘဲ ပုံမှန်အတိုင်းဆက်လက်တင်ပို့သွားမယ်လို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက သိရပါတယ်။

ပြည်ပကို ကျွဲနွား တရားဝင်တင်ပို့မှုကို ပြီးခဲ့တဲ့နှစ် အောက်တိုဘာလ ၉ ရက်နေ့က စတင်ခွင့်ပြုခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ပြည်တွင်းမှလုံလောက်အောင် မွေးမြူထုတ်လုပ်နိုင်စွမ်းရှိမရှိစောင့်ကြည့်ရဦးမှာဖြစ်တဲ့အတွက်စမ်းသပ်ကာလတစ်နှစ်အဖြစ် သတ်မှတ်ပြီးတင်ပို့နေတာဖြစ်ပါတယ်။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအနေနဲ့ကလည်း ကျွဲ နွားအရေအတွက်ကို တိတိကျကျသိရှိနိုင်ဖို့ တိရစ္ဆာန်သန်းခေါင်စာရင်းကို ကောက်ယူနေတာဖြစ်ပြီး အခုဆိုရင်အပြီးသတ်အဆင့်ကို ရောက်ရှိနေပြီဖြစ်တယ်လို့ သိရပါတယ်။

တိရစ္ဆာန်သန်းခေါင်စာရင်းအရ ကျွဲနွားတွေကို ၅၇ ရာခိုင်နှုန်းခန့် ကောက်ယူထားပြီး လက်ရှိကျွဲနွားအကောင်ရေ ၁၁.၇ သန်းခန့် ရှိတယ်လို့ သိရပါတယ်။ ပြည်တွင်းစားသုံးမှုနဲ့ အသေအပျောက်ပါနုတ်ပြီးဆိုရင် ကျွဲနွား အကောင်ရေ၇၀၀,၀၀၀ ခန့် ပြည်ပကို ဆက်လက်တင်ပို့နိုင်တဲ့ အခြေအနေ ရှိကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ခန့်မှန်းထားတယ်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင် က 'အမှန်ကတော့ ၁၁.၇ သန်းဆိုတာ နည်းတာမဟုတ်ဘူး၊ ကောင်ရေက များတယ်၊ နောက်တစ်ခုက ကျွဲနွားမွေးမြူတဲ့စာရင်းမှာလဲမြန်မာနိုင်ငံကအာရှတောင်အာရှမှာ အများဆုံးဖြစ်နေတယ်။ အဲဒီတော့ ပို့နိုင်တဲ့ကောင်ရေက ၇၀၀,၀၀၀ လောက် ရှိတယ်ပြောတယ်၊ တကယ်တမ်းပို့ပြီးတာက အခုသိန်းဂဏန်းလောက်ပဲရှိသေးတယ်၊ ဒါကတော့ ဆက်ပြီးတော့ တင်ပို့သွားမယ်၊ လုပ်သွားမှာပေါ့၊ စိုက်ပျိုးရေးဘက်လဲ သူ့ဘက်က လိုအပ်တဲ့အချက်အလက်တွေကို လုပ်နေတယ်ပေါ့'လို့ပြောပါတယ်။



လက်ရှိမှာတော့ ကျွဲ၊နွားတွေကို မြဝတီ၊ ရခိုင်ပြည်နယ်နဲ့ မူဆယ်ဘက်နေ ပြည်ပကို အများဆုံးတင်ပို့နေကာ အမေရိကန်ဒေါ်လာ သန်း ၁၀၀ နီးပါး ရရှိထားတယ်။ ကျွဲနွားတွေကို တရားဝင်တင်ပို့ခွင့်ပြုထားခြင်းဟာ လက်ရှိအခြေအနေအရကောင်းခြင်း ဆိုးခြင်းတွေ ဒွန်တွဲနေတာကြောင့် ပြည်သူတွေကြားမှာဝေဖန်မှုတွေရှိနေဆဲ ဖြစ်သလိုပြီးခဲ့တဲ့ဇူလိုင်လ ၂၃ရက်နေ့ကလည်းမအူပင်မဲဆန္ဒနယ်မှပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်းက နိုင်းကျွဲ၊ နိုင်းနွားများ ပြည်ပသို့ တင်ပို့ရောင်းချနေခြင်းကိုကန့်သတ်တားမြစ်ပေးဖို့နဲ့ ပတ်သက်ပြီး လွှတ်တော်ကိုအဆိုတင်သွင်းခဲ့ရာမှာ ရှုံးနိမ့်ခဲ့ပါတယ်။ မာရီနိုင်

www.burmeseclassic.com







# ပဲအချို့သာ လတ်တလော အရောင်းအဝယ်ဖြစ်နေ

ရေစကြို၊ ဩဂုတ် ၂၂ - အခုအချိန်ဟာ တောင်သူတွေ ပဲလက်ကျန်တွေ အရောင်းအဝယ်ပြုလုပ်နေကြတဲ့ အချိန်ဖြစ်ပါတယ်။

မြစ်ရေပြန်ကျချိန်မှာ ပြန်လည်စိုက်ပျိုးကြမှာပါ။ ပဲလှိုင်လှိုင် ပြန်လည်အရောင်းအဝယ်ဖြစ်မယ့် ရာသီတွေကတော့ တစ်လပိုင်းဝန်းကျင်မှာဖြစ်မယ်လို့ သိရပါတယ်။ ၁၂ လပိုင်းလောက်မှာ ကုန်းပဲတွေ စတင်ပေါ်မယ်။ လတ်တလော အရောင်းအဝယ်ဖြစ်နေတဲ့ပဲတွေကတော့ အမျိုးအစားအနည်းငယ်သာရှိပါတယ်။

တောင်သူ လက်ကျန်နဲ့ ပွဲစားလှောင်ထားသူလက်ကျန်တွေကိုသာ အရောင်းအဝယ်ပြုလုပ်နေကြတယ်လို့ သိရပါတယ်။

> “ တောင်သူလက်ကျန်နဲ့ ပွဲစားလှောင်ထားသူ လက်ကျန်တွေကိုသာ အရောင်းအဝယ် ပြုလုပ်နေကြတယ်။ ”

## ပဲဆီ

မုံရွာကုန်စည်ဒိုင်ပေါက်ဈေးအရ သည်တစ်ပတ် ၂၁ ရက်နေ့ဈေးနှုန်းမှာ ပဲဆီဈေးနှုန်းဟာ တစ်ပိဿာကို ကျပ် ၅၁၀၀ မှာ ရှိနေပါတယ်။ ပဲဆီကတော့ ဈေးနှုန်း အပြောင်းအလဲသိပ်မရှိပါဘူး။

ပခုက္ကူကုန်စည်ဒိုင်ပေါက်ဈေးအရ ၁၄ ရက်နေ့က တစ်ပိဿာကို ကျပ် ၄၈၀၀ ဈေးနှုန်းရှိခဲ့ပြီးတော့ ၂၁ ရက်နေ့ ဈေးနှုန်းအရ ကျပ် ၄၆၀၀ ဈေးကို ကျဆင်းသွားပါတယ်။ တစ်ပတ်အတွင်း ဈေးနှုန်း ကျပ် ၂၀၀ ကွာခြားမှုရှိနေပါတယ်။ ပဲဆီဈေးနှုန်းဟာ မြေပဲဈေးနှုန်းအပေါ်မူတည်ပြီး အတက်အကျရှိပါမယ်။

## နှမ်းဆီ

မုံရွာကုန်စည်ဒိုင်ပေါက်ဈေးအရကတော့ ၁၄ ရက်နေ့ ဈေးနှုန်းအရ ပဲဆီတစ်ပိဿာကို ကျပ် ၅၀၀၀ ရှိခဲ့ပြီး ၂၁ ရက်နေ့မှာတော့ ကျပ် ၅၁၀၀ ရှိနေပါတယ်။ တစ်ပတ်အတွင်းမှာ တစ်ပိဿာကို ကျပ် ၁၀၀ ဈေးတက်လာပါတယ်။

ပခုက္ကူကုန်စည်ဒိုင်ဈေးနှုန်းအရကတော့ ၁၄ ရက်နေ့က တစ်ပိဿာကို ကျပ် ၄၈၀၀ ရှိခဲ့ပြီးတော့ သည်တစ်ပတ် ၂၁ ရက်နေ့မှာတော့ ကျပ် ၄၅၀၀ ကို ကျဆင်းသွားတာကို တွေ့ရပါတယ်။ တစ်ပတ်အတွင်းဈေးနှုန်းကွာခြားချက်ကတော့ ကျပ် ၃၀၀ ကျဆင်းသွားတာဖြစ်ပါတယ်။

## မြေပဲ

မြေပဲဈေးနှုန်းကတော့ မုံရွာကုန်စည်ဒိုင်ပေါက်ဈေးအရ မြေပဲလုံးဆန်နီဟာ ၁၄ ရက်နေ့ ပေါက်ဈေးအရ ၁၅.၅ ပိဿာကို ကျပ် ၂၉၅၀-၂၉၀၀ ရှိခဲ့ပြီး ၂၁ ရက်နေ့မှာလည်း ကျပ် ၂၉၅၀-၂၉၀၀ ရှိခဲ့ပါတယ်။ မုံရွာကုန်စည်ဒိုင်ပေါက်ဈေးအရ မြေပဲလုံးဆန်နီကတော့ ဈေးနှုန်းအပြောင်းအလဲ မရှိပါဘူး။

မြေပဲလုံးဆန်ဖြူကတော့ အရင်တစ်ပတ်က ၁၅.၅ ပိဿာကို ကျပ် ၂၈၀၀-၂၇၀၀ ရှိခဲ့ပြီး သည်တစ်ပတ် ၂၁ ရက်နေ့ပေါက်ဈေးမှာတော့ မြေပဲလုံးဆန်ဖြူအဟောင်းက ကျပ် ၂၇၅၀ ရှိနေပါတယ်။ ဈေးနှုန်းကွာခြားချက်ကတော့ တစ်ပတ်အတွင်းမှာ ကျပ် ၅၀ ရှိနေပါတယ်။ ဈေးနှုန်းအလားအလာကတော့ နိုင်ငံခြားထွက်ပေါက်နဲ့ ပြည်တွင်းဝယ်လိုအားအပေါ် မူတည်နေတယ်လို့ ကုန်သည်အချို့က ဆိုပါတယ်။

## နှမ်း

နှမ်းဈေးနှုန်းတွေကတော့ နှမ်းနက်ဟာ မုံရွာကုန်စည်ဒိုင်ပေါက်ဈေးအရ ၁၄ ရက်နေ့နဲ့ ၂၁ ရက်နေ့မှာ ဈေးနှုန်းအပြောင်းအလဲမရှိဘဲ ၁၅ ပိဿာကို ကျပ် ၄၅,၀၀၀ ဈေးနှုန်းရှိနေပါတယ်။ နှမ်းညိုကတော့ အရင်တစ်ပတ်က ၁၅ ပိဿာကို ကျပ် ၃၉,၀၀၀-၃၈,၀၀၀ ရှိခဲ့ပေမဲ့လည်း သည်တစ်ပတ် ၂၁ ရက်နေ့ပေါက်ဈေးမှာတော့ ကျပ် ၄၂၀၀၀-၄၁၀၀၀ အထိ မြင့်တက်လာပါတယ်။ ဈေးနှုန်းခြားနားချက်ကတော့ တစ်ပတ်အတွင်း ကျပ် ၃၀၀၀ အထိ မြင့်တက်လာပါတယ်။ မုံရွာကုန်စည်ဒိုင်မှာ နှမ်းဖြူနဲ့ နှမ်းဝါဟာ သည်တစ်ပတ်မှာမှ အရောင်းအဝယ်ဖြစ်နေတာဖြစ်ပြီး နှမ်းဖြူက ကျပ် ၄၅,၅၀၀ နဲ့ နှမ်းဝါက ကျပ် ၄၁,၅၀၀ တို့ ဈေးနှုန်းရှိနေပါတယ်။ ဈေးနှုန်းအလားအလာကတော့ ဈေးနှုန်းငြိမ်နေဦးမယ်လို့ ခန့်မှန်းတယ်လို့ ကုန်သည်အချို့က ဆိုပါတယ်။

## ကြက်ဆူစေ့

ကြက်ဆူစေ့ဈေးနှုန်းကတော့ မုံရွာကုန်စည်ဒိုင်ပေါက်ဈေးအရ သည်တစ်ပတ်မှာတော့ ၁၄ ရက်နေ့မှာ ၁၂ ပိဿာကို ကျပ် ၁၄,၀၀၀ ရှိခဲ့ရာက ၂၁ ရက်နေ့မှာတော့ ကျပ် ၁၆,၀၀၀ အထိ မြင့်တက်ခဲ့ပါတယ်။ တစ်ပတ်အတွင်း ၁၂ ပိဿာကို ကျပ် ၂၀၀၀ အထိ မြင့်တက်လာခဲ့ပါတယ်။ ပခုက္ကူကုန်စည်ဒိုင်ပေါက်ဈေးအရ နှမ်းညိုအသစ်ကတော့ ကျပ် ၃၉,၀၀၀ ကနေ ကျပ် ၄၁,၆၀၀ အထိ မြင့်တက်သွားခဲ့ပါတယ်။ တစ်ပတ်အတွင်း ဈေးနှုန်းကွာခြားချက်ကတော့ ကျပ် ၂၆၀၀ အထိ မြင့်တက်နေပါတယ်။ နှမ်းညိုဟာ ၂၁ ရက်နေ့ ပခုက္ကူကုန်စည်စာရင်းအရ ဈေးနှုန်းအမြင့်တက်ဆုံး သီးနှံဖြစ်နေပါတယ်။

## ပြောင်းဖူးစေ့

ပြောင်းဖူးစေ့ စီပီဈေးနှုန်းကတော့ မုံရွာကုန်စည်ဒိုင်ပေါက်ဈေးအရ ၁၄ ရက်နေ့ဈေးနှုန်းမှာတော့ ၁၈ ပိဿာကို ကျပ် ၁၀,၅၀၀ ရှိခဲ့ပြီး ၂၁ ရက်နေ့ပေါက်ဈေးမှာတော့ ကျပ် ၁၀,၈၀၀-၁၀,၆၅၀ ကို အနည်းငယ်မြင့်တက်လာတာကို တွေ့ရပါတယ်။ ဈေးနှုန်းကွာခြားချက်ကတော့ သည်တစ်ပတ်အတွင်းမှာ ကျပ် ၃၀၀-၁၅၀ ရှိနေပါတယ်။

ပြောင်းနီကတော့ ၁၈ ပိဿာကို သည်တစ်ပတ်နဲ့ အရင်တစ်ပတ်နဲ့ ဈေးနှုန်း ကျပ် ၁၆,၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်နေပါတယ်။ ဈေးနှုန်းအပြောင်းအလဲမရှိပါဘူး။

ပြောင်းဖူးစေ့အနေနဲ့ ရေသွင်းစိုက်ပျိုးရတဲ့သီးနှံဖြစ်တာကြောင့် ကုန်းစိုက်ခင်းတွေမှာ မစိုက်နိုင်ကြတဲ့အတွက် ကျွန်းစိုက်ခင်းတွေမှာ ရေကျမှ ပြန်လည်စိုက်ပျိုးရမှာဖြစ်တယ်လို့ သိရပါတယ်။ ပြောင်းဖူးစေ့ဟာ သည်နှစ်မှာ

www.burmeseclassic.com



# ရေလွှမ်းပျက်စီးလယ်မြေတွေမှာ ဘာတွေ ဘယ်လိုပြန်လည်စိုက်ပျိုးမလဲ

## စိုက်ပျိုးရေးပညာရှင် ဦးသက်လွင်နှင့် ဆက်သွယ်မေးမြန်းခြင်း



ရေလွှမ်းဒေသရဲ့မြေအနေအထားက ပြောင်းလဲဖို့ထက် ပြုပြင်ပေးဖို့ ပိုလိုအပ်တယ်။

**ရန်ကုန်၊ ဩဂုတ် ၂၂** – တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နဲ့ ကရင်ပြည်နယ်တွေမှာ ရေကြီးရေလျှံမှုတွေကြောင့် စိုက်ပျိုးမြေက ပျက်စီးဆုံးရှုံးမှုတွေ ရှိခဲ့ပါတယ်။ သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာတဲ့ ပျက်စီးဆုံးရှုံးမှုတွေ၊ စိုက်ပျိုးစရိတ်ချေးငွေတွေ၊ ကြွေးမြီပြဿနာတွေကြောင့် စိုက်ပျိုးတောင်သူတွေရဲ့ဘဝတွေက တိုးတက်မှုမရှိဘဲ သံသရာလည်နေပါတယ်။

ရေလွှမ်းမိုးမှုကြောင့် ပျက်စီးတဲ့နေရာတွေမှာ ဘယ်လိုသီးနှံတွေကို အစားထိုးစိုက်ပျိုးမယ်။ ပျိုးပင်တွေ၊ မျိုးတွေကို ဘယ်လိုရွေးချယ်မယ်၊ မြေတွေကို ဘယ်လိုပြင်ဆင်မလဲ၊ သီးထပ်စိုက်ပျိုးသင့်လား၊ မူလစိုက်ပျိုးထားတဲ့မျိုးတွေကိုပဲ ပြန်စိုက်မလား၊ မျိုးအသစ်တွေကို စိုက်ပျိုးသင့်လား၊ ရေလွှမ်းဒေသတွေမှာစိုက်ပျိုးရေးနဲ့ပတ်သက်ပြီး ဘာတွေသတိထားပြီး လုပ်သင့်လဲ၊ ရေလွှမ်းဒေသက မြေတွေကို ပြုပြင်ဖို့ ဘာကြောင့်လိုအပ်လဲ၊ အစိုးရနဲ့ သက်ဆိုင်ရာဌာနတွေက လက်ရှိအချိန်မှာ တောင်သူတွေအတွက် ဘာတွေ အရေးတကြီး ထောက်ပံ့ပေးဖို့ လိုအပ်နေတာတွေလဲ ဆိုတာကို sansu ကုမ္ပဏီ၊ လှိုင်ရတနာစိုက်ခင်းရဲ့ မန်နေဂျာတစ်ဦးလည်းဖြစ် စိုက်မွေး (စက်မှုသီးနှံ) လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အငြိမ်းစားဝန်ထမ်းတစ်ဦးဖြစ်တဲ့ စိုက်ပျိုးရေးပညာရှင် ဦးသက်လွင်ကို ဆက်သွယ်မေးမြန်းထားပါတယ်။

**မော်ဒန်။ ။စပါးစိုက်ပျိုးထားပြီး ရေလွှမ်းမိုးမှုကြောင့် ပျက်စီးတဲ့နေရာတွေမှာ အစားထိုးစိုက်ပျိုးမှု လုပ်ဆောင်မယ်ဆိုရင် ဘာတွေလိုအပ်လဲ။**

**ဦးသက်လွင်။** ။စပါးစိုက်ပျိုးထားပြီး ရေလွှမ်းမိုးမှုကြောင့် ပျက်စီးတဲ့နေရာတွေမှာ အစားထိုးစိုက်ပျိုးမယ်ဆိုရင် သင့်တော်သော သက်တမ်းရှိသည့် မျိုးစပါး သို့မဟုတ် ပျိုးပင်၊ မြေပြုပြင်တာကို စနစ်တကျဆောင်ရွက်ဖို့၊ စိုက်ပျိုးရေရရှိဖို့၊ စိုက်ပျိုးပင်အောင်မြင်ဖြစ်ထွန်းနိုင်တဲ့ အချိန်ကာလကို သိရှိဖို့၊ သီးထပ်စိုက်ပျိုးတာ မစိုက်ပျိုးတာကို သိဖို့ လိုအပ်တယ်။

မိမိစိုက်ပျိုးမယ့် စိုက်ပျိုးခင်းအတွက် သင့်တော်သောသက်တမ်းရှိတဲ့ ပျိုးပင်နဲ့ အဲဒါတွေကို ပျိုးနိုင်ဖို့အတွက် ပျိုးခင်းလိုပါမယ်။ စိုက်ပျိုးမယ့် ပျိုးပင်ဟာလည်း သင့်တော်တဲ့ပျိုးသက်တမ်းရှိဖို့ လိုအပ်တယ်။ ဧရာဝတီတိုင်းဒေသကြီးမှာ ရေကျနောက်စိုက်စပါးစိုက်ရာစိုက်ပျိုးပြီး တစ်လခွဲနှစ်လသားရှိနေတဲ့ လယ်ယာတွေကို ဝယ်ယူပြီးပျိုးအဖြစ် နုတ်ကာစိုက်ပျိုးကြပါတယ်။ ဒါပေမဲ့ပျိုးသက်ကြီးတာ၊ ငယ်တာက စပါးအထွက်ကို သက်ရောက်မှုရှိနိုင်ပါတယ်။

စိုက်ပျိုးရေကလည်း အရေးကြီးတယ်။ စပါးစိုက်ပျိုးပြီးမှ မိုး မရွာသွန်းတာ၊ စိုက်ပျိုးရေမရရှိတာတွေကြောင့် ပျက်စီးဆုံးရှုံးမှု ရှိနိုင်တာကြောင့် ရေရရှိရေးကိုပါ ထည့်သွင်းတွက်ချက်ရပါမယ်။ ယခုရေကျနောက်စိုက်ပျက်စီးစပါးနေရာမှာ စပါးပြန်စိုက်တဲ့မြေမှာ သီးထပ်အဖြစ် ဆောင်းသီးနှံ ပြန်လည်စိုက်ပျိုးတာ၊ မစိုက်ပျိုးတာကို ထည့်သွင်းစဉ်းစားဖို့အဓိကလိုအပ်ပါတယ်။ ဆောင်းသီးနှံပြန်လည်မစိုက်ပျိုးပါက ပြဿနာမရှိသော်လည်းပြန်လည်စိုက်ပျိုးပါက ပြဿနာရှိပါတယ်။

**မော်ဒန်။ ။ရေလွှမ်းဒေသတွေမှာ မူလစိုက်ပျိုးထားတဲ့ စပါးမျိုးတွေပဲ စိုက်ပျိုးသင့်လား၊ တခြားမျိုးတွေကို ပြောင်းလဲစိုက်ပျိုးသင့်လား။**

**ဦးသက်လွင်။** ။ရေလွှမ်းဒေသတွေမှာ မူလစိုက်ပျိုးထားတဲ့ စပါးအမျိုးအစားအပေါ် မူတည်ပြီး အခြားမျိုးပြောင်းလဲစိုက်ပျိုးဖို့ သင့်မသင့်ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။ မူလစိုက်ပျိုးထားတဲ့မျိုးဟာ သက်ငယ်မျိုး ဆိုရင်ဆက်စိုက်ဖို့ ပြဿနာအခက်အခဲမရှိပေမဲ့ မူလစိုက်ပျိုးထားတဲ့ စပါးမျိုးက သက်ကြီးသက်လတ်ဆိုရင် ဆက်မစိုက်သင့်ဘဲ အခြားစပါးမျိုး (သက်ငယ်) ရာသီစပါး (နိုဝင်ဘာလအတွင်းရိတ်) ကို ပြောင်းလဲစိုက်ပျိုးသင့်တယ်။ ဘာကြောင့်လဲဆိုတော့ သက်လတ်စပါး၊ သက်ကြီးစပါးတွေ စိုက်ပျိုးမိရင် အောင်ရေ အခက်အခဲဖြစ်နိုင်တာ၊ စပါးရိတ်ချိန်နောက်ကျပါက ဆောင်းအသီးသီးချိန်၊ စိုက်ချိန်နောက်ကျတာဖြစ်နိုင်တယ်။

**မော်ဒန်။ ။ရေလွှမ်းဒေသတွေမှာ သတိထားပြီး လုပ်ဆောင်သင့်တာတွေက ဘာတွေလဲ။**

**ဦးသက်လွင်။** ။ရေလွှမ်းဒေသတွေမှာ သတိထားလုပ်ဆောင်သင့်တာတွေကတော့ သင့်တော်တဲ့မြေအစိုဓာတ်ရရှိချိန်မှာ စိုက်ပျိုးတာ၊ စိုက်ပျိုးမြေတွေမှာ ဖုံးလွှမ်းနေတဲ့ အမှိုက်သရိုက်တွေ ရှင်းလင်းဖို့ လိုအပ်တာ၊ သဲများဖုံးလွှမ်းမှုက လေးလက်မ၊ ငါးလက်မဆိုရင် ထယ်ထိုးမြေပြုပြင်ရင် ရောနှောသွားတတ်တယ်။ ဒါက ပြဿနာမရှိပေမဲ့ အဲသည်ထက်ထူရင်တော့ ဖယ်ရှားဖို့လိုတယ်။ ရေလွှမ်းတာ၊ ရေတိုက်စားတာကြောင့် ချိုင့်ဝှမ်းတွေ ကန်းဂမူတွေရှိရင် မြေညှိဖို့လိုတယ်။ ရေကြီးနစ်မြုပ်မှုတွေဖြစ်လာလို့ ဆုံးရှုံးမှုတွေများရင် နိုက်ထရိုဂျင်၊ ဖော့စ်ပရပ် (P) ဓာတ်တွေကို အလေးထားဖြည့်တင်းပြီး စိုက်ပျိုးဖို့ လိုအပ်တယ်။

> ရေလွှမ်းဒေသတွေမှာ မူလစိုက်ပျိုးထားတဲ့ စပါးအမျိုးအစား အပေါ် မူတည်ပြီး အခြားမျိုး ပြောင်းလဲစိုက်ပျိုးဖို့ သင့်မသင့် ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်

**မော်ဒန်။ ။ရေလွှမ်းဒေသရဲ့ မြေအနေအထားကို ပြောင်းလဲဖို့ လိုအပ်လား။ ဘာကြောင့်လဲ။**

**ဦးသက်လွင်။** ။ရေလွှမ်းဒေသရဲ့ မြေအနေအထားက ပြောင်းလဲဖို့ထက် ပြုပြင်ပေးဖို့ ပိုလိုအပ်တယ်။ ပြောင်းလဲမှုလုပ်ဖို့က မလွယ်ကူဘူး။ လိုအပ်တဲ့ မြေယာပြုပြင်မှုတွေနဲ့ အာဟာရဓာတ်ထည့်သွင်းတာတွေလုပ်ဖို့ လိုအပ်ပြီး ချောင်းတွေ မြောင်းတွေ ပြန်လည်တူးဖော်တာ၊ ပြင်ဆင်တာတွေလုပ်ရမှာ၊ ရေကာတာတွေ၊ ရေထုတ်မြောင်းတွေ၊ ရေသွင်းမြောင်းတွေ ပြုပြင်တာကို စနစ်တကျ စီမံချက်ရေးဆွဲလုပ်ဆောင်သင့်ပါတယ်။ ရေကြီးနစ်မြုပ်ရတဲ့ အကြောင်းထဲမှာ အဲသည်အချက်တွေလည်း အဓိကပါဝင်နေတယ်။

**မော်ဒန်။ ။မြန်မာနိုင်ငံမှာ တစ်နေရာနဲ့တစ်နေရာ စိုက်ပျိုးမြေမတူညီတာကြောင့် အခုရေလွှမ်းမိုးခံရတဲ့နေရာတွေရဲ့ မြေသားအမျိုးအစားနဲ့ စပါးအပြင် တခြားစိုက်သင့်တဲ့ သီးနှံတွေရှိရင်လည်း ရှင်းပြပေးပါ။ (ရေလွှမ်းဒေသပဲခူး၊မွန်၊ကရင်၊ တနင်္သာရီ)**

**ဦးသက်လွင်။** ။လက်ရှိအချိန်ကာလမှာ စပါးအပြင် အခြားစိုက်စရာတွေရှိပေမဲ့ ရေလွှမ်းဒေသတွေရဲ့ လက်ရှိရာသီဥတုအခြေအနေအရ အခြားသီးနှံတွေဖြစ်တဲ့ ပဲမျိုးစုံ၊ စက်မှုကုန်ကြမ်းသီးနှံတွေက မိုးသီးနှံ အစား

စာမျက်နှာ ၂၃ သို့

# အစေ့ထုတ်ပြောင်း၊ ပဲပုပ်နဲ့ ပဲတီစိမ်း စိုက်ဖို့ အသိပေးမည်

**နေပြည်တော်၊ ဩဂုတ် ၂၂** – အစိုးရ အဖွဲ့အစည်းတွေ၊အသင်းအဖွဲ့တွေရဲ့ ဆွေးနွေးမှုတွေအရ တောင်သူတွေအနေနဲ့မတ်ပဲနဲ့ပဲစင်းငုံအစား အစေ့ထုတ်ပြောင်း၊ ပဲပုပ်စေ့နဲ့ ပဲတီစိမ်းကို ပြောင်းလဲစိုက်ပျိုးကြဖို့ အသိပေးမယ်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက သိရပါတယ်။

ပြီးခဲ့တဲ့ ဩဂုတ်လ ၁စရက်နေ့က ရန်ကုန်မြို့မှာ အစိုးရအဖွဲ့အစည်းတွေ၊ တိုင်းဒေသကြီးပြည်နယ်အသီးသီးရှိ ကုန်စည်ဒိုင်တွေ၊ အသင်းအဖွဲ့တွေ၊တောင်သူတွေ အစုံပါဝင်တဲ့ပဲဖိုရမ်ကို ပြုလုပ်ခဲ့ပါတယ်။သည်ဆွေးနွေးပွဲမှာ လက်ရှိအနေအခြေအနေအရ အိန္ဒိယကို အဓိကတင်ပို့နေတဲ့မတ်ပဲနဲ့ ပဲစင်းငုံကို စိုက်ပျိုးဖို့မသင့်တော့တဲ့ အကြောင်းကို တောင်သူတွေအပါအဝင်အသင်းအဖွဲ့တွေကိုယ်တိုင် ဆွေးနွေးတင်ပြကြတယ်လို့သိရပါတယ်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က 'မတ်ပဲကတော့ မြန်မာပြည်ပအဓိကစိုက်တာပေါ့၊ ပဲစင်းငုံဆိုရင်တော့ အာဖရိကကလဲစိုက်တယ်၊အခြားနိုင်ငံတွေလဲရှိတယ်၊ နောက်တစ်ခုက အိန္ဒိယနိုင်ငံကို အဓိကပဲပို့နေတဲ့ နိုင်ငံတွေက ဘာတွေရှိလဲဆိုရင် အဲဒီနိုင်ငံတွေကလဲအိန္ဒိယဈေးကွက်ကိုပဲ မှီခိုရတာပေါ့၊ အခုလို အိန္ဒိယကကန့်သတ်လိုက်တော့ သူတို့နိုင်ငံလဲ အခက်အခဲဖြစ်မှာပဲ၊ ဒီအပေါ်မှာမြန်မာနိုင်ငံအနေနဲ့ကတော့ မတ်ပဲနဲ့ ပဲစင်းငုံကို မစိုက်သင့်တော့ဘူး ဆိုတာရယ် သုံးသပ်လို့ ရတယ်၊ ပြောင်းစိုက်တော့မယ်၊ ပဲပုပ်စိုက်မယ်၊ ပဲတီစိမ်းစိုက်မယ်ဆိုတဲ့ အဖြေထွက်တယ်ပေါ့ ဒီဖိုရမ်မှာ' လို့ ပြောပါတယ်။

လက်ရှိ မတ်ပဲဈေးဟာ တစ်တင်းကို ကျပ် ၁၄,၀၀၀ ဝန်းကျင်သာရှိပါတယ်။ အိန္ဒိယနိုင်ငံအနေနဲ့ ပဲတင်သွင်းမှုကန့်သတ်ချက်မရှိခင်တုန်းကတော့ မတ်ပဲသီးနှံဟာ ဈေးကောင်းရတဲ့သီးနှံထဲမှာ ရှိနေပြီး တစ်တင်းကို ကျပ် ၃၀,၀၀၀ ကျော်မှာရှိနေခဲ့တာဖြစ်ပါတယ်။

မကွေးတိုင်းဒေသကြီး ကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးစိန်အေးမောင်က 'မကွေးကတော့ ပဲစင်းငုံစိုက်တာ ဒီနှစ်မှာ မရှိသလောက်ကို ဖြစ်သွားပြီ၊ဒါပေမဲ့အသိပေးတာတွေတော့ လုပ်သွားရမှာပေါ့၊ မတ်ပဲကတော့ မကွေးဘက်ကအစိုက်နည်းတယ်' လို့ ပြောပါတယ်။

ပဲဖိုရမ်မှာအားလုံးဆွေးနွေးပြီး စိုက်သင့်တယ်လို့သုံးသပ်ထားတဲ့ ပဲပုပ်စေ့၊ အစေ့ထုတ်ပြောင်းနဲ့ ပဲတီစိမ်းသီးနှံတွေဟာ လက်ရှိမှာ ပြည်ပဈေးကွက်ရှိနေသလို ပြည်တွင်းသုံးစွဲမှုလည်း ရှိနေတဲ့သီးနှံတွေလည်းဖြစ်တယ်လို့ သိရပါတယ်။ သက်ဆိုင်ရာ တိုင်းဒေသကြီး ပြည်နယ်အသီးသီးမှာရှိတဲ့ ကုန်စည်ဒိုင်တွေကလည်း သူတို့ဒေသတွေမှာရှိတဲ့ တောင်သူတွေကိုဆက်ပြီးအသိပေးမှုတွေပြုလုပ်သွားမယ်လို့သိရပါတယ်။ ဒါ့အပြင် အစိုးရနဲ့ အသင်းအဖွဲ့တွေကလည်း သည်သီးနှံတွေ ပြောင်းလဲစိုက်ပျိုးဖို့တောင်သူတွေမှာ မျိုးအခက်အခဲဖြစ်ရင်လည်းကူညီဖို့အတွက် ဆောင်ရွက်မယ်လို့ သိရပါတယ်။

လက်ရှိမှာတော့ စီးပွားကူးသန်းအနေနဲ့ ပဲကိစ္စနဲ့ပတ်သက်ပြီး အိန္ဒိယနိုင်ငံနဲ့ ဆက်လက်ဆွေးနွေးမှုတွေမရှိသေးသလို ရေရှည်အတွက်တော့ ကိုယ့်နိုင်ငံမှာရှိတဲ့ တောင်သူတွေအနေနဲ့သင့်တော်တဲ့ သီးနှံတွေကိုသာ ပြောင်းလဲစိုက်ပျိုးဖို့ လိုတယ်လို့ ဦးခင်မောင်လွင်က ဆိုပါတယ်။ **မာရီနိုင်**

www.burmeseclassic.com



# ငှက်ဖျားရောဂါတိုက်ဖျက်ရေးလှုံ့ဆော်မှု ပုဂ္ဂလိကကဏ္ဍ ရိုးမကုမ္ပဏီ ဦးဆောင်မည်



ငှက်ဖျားရောဂါတိုက်ဖျက်ရေးဟာ ပြည်သူတွေရဲ့ အသက်ကယ်တင်ရေးနဲ့ လူနေမှုဘဝမြှင့်တင်ရေးအတွက် အရေးကြီးပါတယ်။

**ရန်ကုန်၊ ဩဂုတ် ၂၂ –** မြန်မာနိုင်ငံမှာ ငှက်ဖျားရောဂါတိုက်ဖျက်ရေးလှုံ့ဆော်မှုအတွက် Yoma Strategic Holdings (Yoma Strategic) က ပုဂ္ဂလိကကဏ္ဍကို ဦးဆောင်ပြီး လုပ်ကိုင်မှာ ဖြစ်ပါတယ်။

Yoma Strategic ရဲ့ အမှုဆောင်အရာရှိချုပ်ဖြစ်သူ Nlelvyn Pun က ငှက်ဖျားရောဂါတိုက်ဖျက်ရေးကို အရှိန်အဟုန်နဲ့ ဆောင်ရွက်ပြီး ၂၀၃၀ ပြည့်နှစ်မှာ ဒေသအတွင်း ငှက်ဖျားရောဂါလုံးဝ ပပျောက်ရေးအတွက်လုပ်ဆောင်နေတဲ့ M2030 လှုပ်ရှားမှုမှာ ပုဂ္ဂလိကအခန်းကဏ္ဍက ဦးဆောင် လုပ်ကိုင်သွားမှာဖြစ်ပါတယ်။ Global Fund ရဲ့ အလုပ်အမှုဆောင်ဒါရိုက်တာ Peter Sands နဲ့အတူ Mr.Pun ဟာ ၂၀၁၈ ဦးဆောင်ပါဝင် လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။

Global Fund ရဲ့ အလုပ်အမှုဆောင်ဒါရိုက်တာ Peter Sands နဲ့အတူ Mr.Pun က ၂၀၁၈ ခုနှစ် ဧပြီလ ၁၈ ရက်နေ့ လန်ဒန်မြို့မှာ ကျင်းပခဲ့တဲ့ Malaria Summit မှာ M2030 ကို တရားဝင်မိတ်ဆက်ဖွင့်လှစ်ခဲ့ပါတယ်။ M2030 လှုပ်ရှားမှုကို အာရှပစိဖိတ်ဒေသအတွင်းရှိ နိုင်ငံတွေက အစိုးရခေါင်းဆောင်ပေါင်း ၂၃ ဦးပါဝင်တဲ့ Asia Pacific Leaders Malaria Alliance (APLMA) က စတင်ခဲ့ပါတယ်။ အဲသည် လှုပ်ရှားမှုမှာ စီးပွားရေးခေါင်းဆောင်တွေကို ငှက်ဖျားတိုက်ဖျက်ရေးမှာထောက်ခံအားပေးပြီး ပါဝင်ဆောင်ရွက်လာစေရန် ရည်ရွယ်ပါတယ်။ ယခုအခါ Yoma Strategic မှာ APLMA နဲ့အတူမြန်မာနိုင်ငံအစိုးရနဲ့ အခြားပုဂ္ဂလိကကုမ္ပဏီတွေနဲ့ ပူးပေါင်းလုပ်ကိုင်ပြီး နိုင်ငံအတွင်း ငှက်ဖျားရောဂါအကြောင်း သတိမူသိရှိလာအောင် ပညာပေးလုပ်ငန်းတွေလုပ်ဆောင်ရန်နဲ့ ပြည်သူ့ကျန်းမာရေးအတွက် ငှက်ဖျားရောဂါတိုက်ဖျက်ရေးလုပ်ငန်းတွေ လုပ်ဆောင်ဖို့ လိုအပ်တဲ့ ရန်ပုံငွေတွေကို စုဆောင်းသွားမှာဖြစ်ပါတယ်။ M2030 က မြန်မာနိုင်ငံမှာ စုဆောင်းရရှိတဲ့ ရန်ပုံငွေတွေကို နိုင်ငံအတွင်းငှက်ဖျားတိုက်ဖျက်ရေးအစီအစဉ်တွေမှာ အသုံးပြုသွားမှာဖြစ်ပါတယ်။

ကမ္ဘာ့အနှံ့နေရာတွေမှာ ငှက်ဖျားရောဂါ ပပျောက်အောင် လုပ်ဆောင်နိုင်ခဲ့ပြီး အဲသည် ရည်မှန်းချက်ကို အာရှဒေသမှာ အကောင်အထည်ဖော်နိုင်အောင် တိုးမြှင့်လုပ်ဆောင်နေပေမဲ့ မြန်မာနိုင်ငံရဲ့ ငှက်ဖျားရောဂါပျံ့နှံ့မှုမှာ မြင့်မားနေပါတယ်။ Greater Mekong Sub-region မှာ ငှက်ဖျားဆေးယဉ်ပါးမှုတွေမှာလည်း စိုးရိမ်ဖွယ်ရာဖြစ်နေပါတယ်။ ကျွန်တော်တို့နဲ့အတူ နိုင်ငံတော်အစိုးရနဲ့ အခြားစီးပွားရေးအဖွဲ့အစည်းတွေ အတူပူးပေါင်းပြီး အဲသည် အသံတိတ်ရောဂါကို ပပျောက်အောင် လုပ်ဆောင်နိုင်မယ်လို့ ယုံကြည်ကြောင်း Yoma Strategic ရဲ့ အမှုဆောင်အရာရှိချုပ်ဖြစ်တဲ့ Melvyn Pun က ပြောပါတယ်။

## ဖောက်သည်တွေကတစ်ဆင့်

Yoma Strategic အနေနဲ့လည်း အဲသည်ပူးပေါင်းဆောင်ရွက်မှုကို ထောက်ပံ့ပေးမယ့် စည်းရုံးလှုံ့ဆော်ရေးတွေပြုလုပ်သွားဖို့ စီစဉ်ထားပါတယ်။ ရိုးမလုပ်ငန်းစုဟာ လူမှုရေး၊ မီဒီယာ၊ Panel စကားဝိုင်းဆွေးနွေးမှုတွေနဲ့ သူတို့ရဲ့ ဖောက်သည်တွေကတစ်ဆင့် ပညာရေးနဲ့လူမှုရေးသက်ရောက်မှုတွေ ရရှိလာအောင် လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ငှက်ဖျားရောဂါတိုက်ဖျက်ရေးအတွက် ရန်ပုံငွေစုဆောင်းရေးနဲ့ ပညာပေးလုပ်ငန်းတွေကို ထောက်ပံ့ပေးနိုင်တဲ့ အစီအစဉ်တွေကို Wave Money နဲ့ Pun Hlaing Siloam ဆေးရုံနဲ့အတူ Yoma Strategic က ပြုလုပ်သွားမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပြည်သူတွေရဲ့ အသက်ကိုကယ်တင်နိုင်ဖို့ လိုအပ်တဲ့ ငှက်ဖျားရောဂါထိန်းချုပ် ဆေးဝါးတွေနဲ့ အခြားပြောင်းလဲမှုတွေကိုလုပ်ဆောင်သွားဖို့ ကျွန်တော်တို့မှာ အခွင့်အလမ်းများစွာရှိတယ်လို့ Mr.Pun က ဖြည့်စွက်ပြောပါတယ်။

မြန်မာနိုင်ငံရဲ့ လူဦးရေ ၃၁.၅ သန်းခန့်မှာ ငှက်ဖျားရောဂါကူးစက်နိုင်တဲ့ အန္တရာယ်နဲ့ ရင်ဆိုင်နေရပါတယ်။ နိုင်ငံအတွင်း အထူးသဖြင့် ရောဂါပျံ့နှံ့နေတဲ့ဒေသတွေမှာ ငှက်ဖျားရောဂါတိုက်ဖျက်ရေးဟာ ပြည်သူတွေရဲ့ အသက်ကယ်တင်ရေးနဲ့ လူနေမှုဘဝမြှင့်တင်ရေးအတွက် အရေးကြီးပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံ နယ်စပ်ဒေသတွေမှာ ငှက်ဖျားဆေးယဉ်ပါးမှုတွေမှာလည်း မြင့်တက်နေပါတယ်။

ပြီးခဲ့တဲ့နှစ်တွေမှာ မြန်မာနိုင်ငံမှာ ငှက်ဖျားရောဂါတိုက်ဖျက်ရေးလုပ်ငန်းတွေ တိုးမြှင့်လုပ်ခဲ့သော်လည်း စစ်တမ်းအရ ၂၀၁၆ ခုနှစ်မှာ ငှက်ဖျားရောဂါကူးစက်ခံရသူ ၁၀၀,၀၀၀ ကျော်ရှိခဲ့ပါတယ်။ ငှက်ဖျားရောဂါလို ကြိုတင်ကာကွယ်ခြင်းနဲ့ ကုသမှုပြုလုပ်နိုင်တဲ့ ရောဂါတွေအတွက် လုပ်ဆောင်သွားမှာကို ကျွန်တော့်အနေနဲ့ စိတ်လှုပ်ရှားမိပါတယ်။ Yoma ရဲ့ ပါဝင်လုပ်ဆောင်မှုကြောင့် ပြည်သူတွေ ပိုမိုသတိမူလာမှာဖြစ်ပြီး ပိုဆန်းတဲ့ အတွေးအခေါ် အစီအစဉ်တွေကြောင့် မြန်မာနိုင်ငံလည်း ငှက်ဖျားရောဂါကင်းစင်တဲ့အနာဂတ်နဲ့ပိုနီးစပ်လာမယ်လို့ APLMA ရဲ့ အမှုဆောင်အရာရှိချုပ်ဖြစ်သူ Mr.Benjamin Rolfe က ပြောပါတယ်။

## ကူညီ

ငှက်ဖျားလို ခြင်တွေကြောင့် ကူးစက်တတ်တဲ့ ရောဂါတွေကို သတိမူစေလိုတဲ့ ရည်ရွယ်ချက်နဲ့ တစ်ကမ္ဘာလုံးမှာ ဩဂုတ်လ ၂၀ ရက်နေ့ကို ကမ္ဘာ့ခြင်နေ့အဖြစ် သတ်မှတ်ခဲ့ပါတယ်။ ပြည်သူလူထုနဲ့ ပုဂ္ဂလိကကဏ္ဍက ဆက်လက်ပူးပေါင်းအားထုတ်ပြီး မြန်မာနိုင်ငံမှာ နောင်တစ်ချိန် ငှက်ဖျားရောဂါ ပပျောက်ပြီး ကာကွယ်မှုတွေ ပြုလုပ်နိုင်တဲ့ ရောဂါတွေကြောင့် ခံစားကူးစက်သူမရှိအောင် ကူညီဆောင်ရွက်သွားမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ၁၀ နှစ်အတွင်း ငှက်ဖျားရောဂါဖြစ်ပွားမှုနှုန်း ၈၆ ရာခိုင်နှုန်း လျော့ကျလာကြောင်း အမျိုးသားငှက်ဖျားရောဂါတိုက်ဖျက်ရေးဌာနက သိရပါတယ်။ လွန်ခဲ့တဲ့ ၁၀ နှစ်က ငှက်ဖျားရောဂါဖြစ်ပွားနှုန်းဟာ လူဦးရေခြောက်သိန်းခန့် ရှိခဲ့ရာက ၂၀၁၇ မှာ ဖြစ်ပွားသူဦးရေ ၈၀,၀၀၀ ကျော်သာရှိခဲ့ပါတယ်။ လွန်ခဲ့တဲ့ ၁၀ နှစ်က ၄၀၀၊ ၅၀၀ ဦးခန့် သေဆုံးခဲ့ရာက ၂၀၁၇ မှာ သေဆုံးသူ ၃၁ ဦးရှိပြီး ယခုနှစ်မှာ လက်ရှိအချိန်မှာ ခန့်မှန်းခြေအနေနဲ့ သေဆုံးသူ ခုနစ်ဦးသာရှိကြောင်း သိရပါတယ်။

လက်ရှိမှာ ငှက်ဖျားဖြစ်ပွားမှုများတဲ့ဒေသတွေမှာ ချင်းပြည်နယ်မြို့နယ်တွေ၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းတို့ဖြစ်ပြီးတော့ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းမှာလည်း ငှက်ဖျားဖြစ်ပွားနှုန်း၊ သေဆုံးနှုန်း များစွာကျဆင်းသွားကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန စာရင်းတွေမှာ ဖော်ပြထားပါတယ်။ **မေသက်**

# သစ် ပရိဘောဂ အခြေခံလူထုသုံးနိုင်ဖို့ စီစဉ်ပေးပါ

**မန္တလေး၊ ဩဂုတ် ၂၁ –** သစ်ပေါတဲ့နိုင်ငံဖြစ်ပေမဲ့ သစ်နဲ့လုပ်တဲ့ပစ္စည်းတွေ ရှားပါးပြီး အခြေခံလူထု မသုံးနိုင်တော့တဲ့ အခြေအနေကို အစိုးရအနေနဲ့ ဖြေရှင်းပေးဖို့ ပရိဘောဂပြုလုပ်ရောင်းချသူတွေက တောင်းဆိုပါတယ်။

ယခင်က သစ်သားအတိုအထွာလေးတွေနဲ့ ပြုလုပ်ကြတဲ့ လူသုံးကုန်ပစ္စည်းတွေနေရာကို ကပလတ်စတစ်နဲ့ပြုလုပ်တဲ့ လူသုံးကုန်တွေ အစားထိုးဝင်ရောက်လာပါတယ်။ အခုအခါမှာပလတ်စတစ်ပစ္စည်းတွေနဲ့ အခြားအရာတွေနဲ့ ပြုလုပ်မှုတွေက ဈေးနှုန်းချိုသာနေတဲ့အတွက် သစ်သားနဲ့ပြုလုပ်တဲ့ အိမ်ထောင်ပရိဘောဂပြုလုပ်သူတွေ ဈေးနှုန်းတွေ ယှဉ်ပြိုင်မရောင်းနိုင်ဘဲ လုပ်ငန်းနည်းပါးနေတယ်လို့ သိရပါတယ်။

သစ်စက်တွေက ကြိတ်ခွဲစအတိုလေးတွေ၊ အရည်အသွေးညံ့သစ်ပါးလေးတွေကိုဝယ်ယူပြီး ဗီရို၊ စားပွဲ၊ ကုလားထိုင် စသဖြင့် ပြုလုပ်ကာ ရပ်ကွက်ထဲမှာ လှည့်ရောင်းသည်ဖြစ်စေ၊ ဆိုင်တွေမှာရောင်းသည်ဖြစ်စေ သည့် ပစ္စည်းလေးတွေကိုတောင် ဝယ်ယူသုံးစွဲနိုင်သူ အင်မတန်နည်းပါးလာပါတယ်။

‘ပလတ်စတစ်နဲ့ပြုလုပ်ထားတဲ့ အလူမီနီယံ ဗီရိုတွေ၊ ပလတ်စတစ်နဲ့ပြုလုပ်ထားတဲ့ ထိုင်ခုံတွေ အသုံးများလာခြင်း အပေါ်မှာလဲ ထိခိုက်မှုဆိုတာထက် တိုးတက်မှု အားနည်းလာတာပေါ့၊ ထိခိုက်မှုအတိုင်းအတာကတော့ မြန်မာတစ်ပြည်လုံးမှာ သစ်သားက တစ်ပြည်လုံး သုံးစွဲနေတာပေါ့၊ သဘာဝသစ်ကိုသာ စွဲစွဲမြဲမြဲသုံးစွဲချင်ကြတာ၊ ဒါပေမဲ့ သဘာဝသစ်သားဟာ လွတ်လပ်မှု အားနည်းပါတယ်၊ ဈေးနှုန်း အနေအထားကလဲ ပလတ်စတစ်ကို ယှဉ်လို့မရဘူး၊ တရုတ်က အဝင်များနေတဲ့ ပလတ်စတစ်ပစ္စည်းတွေကို အသုံးများလာတဲ့အတွက် ဈေးရိုးစွဲသစ်သားကို သုံးချင်ပေမဲ့ လဲ သုံးစွဲဖို့ အခက်အခဲရှိတယ်၊ နိုင်ငံတော်ပံ့ပိုးမှုနဲ့အတူ အားလုံးကဖြစ်လာမယ်ဆိုရင် မြန်မာတို့ရဲ့ ထုံးတန်းစဉ်လေ့အနေအထားအရသစ်သားကိုပဲသုံးစွဲချင်မှာပါ’ လို့ ပရိဘောဂပြုလုပ်ရောင်းချသူတစ်ဦးက ပြောပါတယ်။

## အခက်အခဲ

နယ်ဘက်တွေမှာ လှည့်လည်ပြီး နယ်ပွဲတွေမှာ ပရိဘောဂပစ္စည်း လိုက်လံရောင်းချကြတဲ့ ဈေးသည်တွေအနေနဲ့လည်း ရောင်းအားကျဆင်းလာတဲ့အပြင် လုပ်ငန်းနည်းပါးတဲ့အတွက် လုပ်ငန်းလုပ်ကိုင်သူများလည်းလျော့နည်းလာတယ်လို့ သိရပါတယ်။ ပလတ်စတစ်က လွယ်လွယ်ရနေပြီးတော့ ဈေးနှုန်းချိုသာတဲ့အပြင် သစ်သားပစ္စည်းတွေကလည်း ဈေးနှုန်းမြင့်မားနေတဲ့အတွက် ဈေးနှုန်းချိုတဲ့ ပစ္စည်းတွေကိုသာလူသုံးစွဲမှုများနေတယ်လို့ သိရပါတယ်။ **နိုင်စာနည်မောင်**

www.burmeseclassic.com



# ကားတွေကတစ်ဆင့် ကြော်ငြာပေးနိုင်တဲ့ GrabAds

ရန်ကုန်၊ ဩဂုတ် ၂၂ - အရှေ့တောင်အာရှ နိုင်ငံပေါင်း ရှစ်နိုင်ငံနဲ့ မြို့ပေါင်း ၂၀၀ ကျော်မှာရှိတဲ့ ဒစ်ဂျစ်တယ် စွမ်းရည်ပြည့်ဝတဲ့မော်တော်ယာဉ်ပေါင်းစုံ အုပ်စုကြီးတစ်ခုနဲ့ ချိတ်ဆက်ထားတဲ့ ကြော်ငြာပလက်ဖောင်းတစ်ခုက GrabAds ဖြစ်ပါတယ်။

ဂရက်ဘ်ရဲ့ Head of Grab-Ads ဖြစ်သူ Nasheet Islam က 'GrabAds က ကုန်အမှတ်တံဆိပ်တွေကို အရှေ့တောင်အာရှနိုင်ငံတွေရဲ့ သုံးစွဲသူတွေဆီကို မော်တော်ယာဉ်ပေါင်းစုံပါဝင်တဲ့အုပ်စုကြီးနဲ့ ဒစ်ဂျစ်တယ်အသုံးပြုမှုတွေကတစ်ဆင့် စားသုံးသူတွေဆီရောက်ရှိနိုင်ဖို့ ကူညီပေးသွားမှာပါ၊ အဲဒါကြောင့် ကုန်အမှတ်တံဆိပ်တွေနဲ့ မိတ်ဖက်မီဒီယာတွေကို ကျွန်တော်တို့နဲ့အတူ ပူးပေါင်းတင်ဆက်နိုင်တဲ့ သီးသန့် ကြော်ငြာ၊ ဆောင်းပါးတွေနဲ့ တကယ့်အတွေ့အကြုံတွေကို ဖန်တီးရအောင် ဖိတ်ခေါ်လိုက်ပါတယ်'လို့ ပြောတယ်။

GrabAds အနေနဲ့ ဒေသတွင်း ဈေးကွက်မှာရှိတဲ့ထိပ်တန်းကြော်ငြာလုပ်ငန်းများစွာနဲ့ ပူးပေါင်းလုပ်ကိုင်ဖို့ သဘောတူလက်မှတ်ရေးထိုးခဲ့တယ်။ အဲသည်မိတ်ဖက်လုပ်ငန်းတွေကတော့ အင်ဒိုနီးရှားနိုင်ငံမှာ Stickearn, Katra နဲ့ Interads၊ ဖိလစ်ပိုင်နိုင်ငံမှာ United Neon၊ စင်ကာပူနိုင်ငံမှာ Carblicity, MMI, Display Science နဲ့ IRIS၊ ဗီယက်နမ်မှာ DrivAdz တို့ဖြစ်တယ်။

GrabAds ဟာ မိတ်ဖက်ယာဉ်မောင်းတွေနဲ့ မိတ်ဖက်ကုန်ပစ္စည်းပို့ဆောင်ရေးလုပ်ငန်းတွေအတွက် ပင်ငွေပိုမိုရှာဖွေနိုင်မယ့် အခွင့်အလမ်းသစ်တစ်ခုဖြစ်ပြီး သွားလာမောင်းနှင်ရင်း အပိုဝင်ငွေရှာဖွေဖို့ အကောင်းဆုံးဖြစ်တဲ့ နှစ်သက်ရာ ကြော်ငြာပုံစံကို စိတ်ကြိုက် ရွေးချယ်နိုင်တယ်။ လက်ရှိမှာ ပျမ်းမျှအပိုဝင်ငွေ ၁၀ ရာခိုင်နှုန်းအထိ ရရှိကြပါတယ်။ ရရှိနိုင်တဲ့ ဝန်ဆောင်မှုတွေဟာ ကားအတွင်း ကြော်ငြာထားရှိခြင်း ဒါမှမဟုတ် အပလီကေးရှင်းအတွင်း သုံးစွဲသူနဲ့ ချိတ်ဆက်ခြင်း စတာတွေဖြစ်ပြီး ဈေးကွက်တစ်ခုချင်းစီအလိုက် လိုအပ်သလို ပြောင်းလဲဝန်ဆောင်ပေးနိုင်တယ်လို့ ဆိုပါတယ်။

ဂရက်ဘ်အသုံးပြုသူတွေဟာ GrabAds ရဲ့ အရည်အသွေးမြင့် ကုန်အမှတ်တံဆိပ်တွေကို သိရှိလေ့လာနိုင်ပြီး စမ်းသပ်သုံးစွဲကြည့်နိုင်တဲ့အပြင် အထူးအစီအစဉ်တွေကို သိရှိနိုင်တဲ့ အခွင့်အရေးသစ်တွေ ရရှိနိုင်မှာဖြစ်တယ်။

GrabAds ဟာ အမျိုးအစားသုံးမျိုး အောက်ကနေ ဝန်ဆောင်မှုတွေ ထားရှိပြီး လိုအပ်ချက်နဲ့အညီ ဝန်ဆောင်မှုတစ်ခုချင်းစီ ပေးအပ်နေပါတယ်။






သွားလာမောင်းနှင်ရင်း အပိုဝင်ငွေရှာဖွေဖို့ အကောင်းဆုံးဖြစ်တဲ့ နှစ်သက်ရာ ကြော်ငြာပုံစံကို စိတ်ကြိုက်ရွေးချယ်နိုင်တယ်။

## ရွေ့လျားကြော်ငြာဆိုင်းဘုတ်တွေ

အရှေ့တောင်အာရှတစ်ပတ်ဆိုရင် ခရီးအကွာအဝေး ကမ္ဘာလုံးပေါင်း သန်း ၁၀၀ ကျော် ရွေ့လျားသွားလာနေပြီး တစ်မိနစ်ကို လူပေါင်း ၁၀ သန်းကျော် မြင်တွေ့ရမယ့် ဂရက်ဘ်ရဲ့မော်တော်ယာဉ်အုပ်စုကြီးက ကားတွေ၊ ဘတ်စ်ကားတွေနဲ့ စက်ဘီးတွေဟာ ကုန်အမှတ်တံဆိပ်တွေအတွက် ကြီးမားတဲ့အာရုံစိုက်မှုကို ရနိုင်တဲ့ အဆက်မပြတ် ရွေ့လျားနေတဲ့ off-line ကြော်ငြာဆိုင်းဘုတ်ကြီးတွေဖြစ်တယ်။

## ဆိုင်ကယ်ပေါ်က

အင်ဒိုနီးရှားမှာ ဂရက်ဘ်ဆိုင်ကယ် (Grab Bike)ပေါ်က ကြော်ငြာတွေဟာ လမ်းမပေါ်ရှိတဲ့အခြားကြော်ငြာတွေအကြား ပိုပြီး လူသိများပါတယ်။ Grab Bike အစီး ၁၀၀၀ အသုံးပြုပြီး ကြော်ငြာတာဟာ ရက် ၉၀ အတွင်း ၈၅ ရာခိုင်နှုန်းရှိတဲ့လူအများကို အာရုံစိုက်စေတယ်။ စင်ကာပူမှာ ဘတ်စ်ကားတွေပေါ် ကြော်ငြာကပ်တာဟာ ဘတ်စ်ကားတွေက သတ်မှတ်လမ်းကြောင်းအတိုင်း သွားတာရယ်၊ ယာဉ်ကြောပိတ်ဆို့တာတွေကြောင့် အတိအကျပြုလုပ်လိုတဲ့ ကြော်ငြာလှုပ်ရှားမှုတွေ အတွက် သင့်တော်ပါတယ်။

## ကားအတွင်းကြော်ငြာ

ကားရဲ့အတွင်းခန်းကို ကုန်အမှတ်တံဆိပ်တွေနဲ့ ပြင်ဆင်ထားတာ၊ ဒစ်ဂျစ်တယ်ကြော်ငြာတွေ ပြသထားတာ၊ နမူနာပစ္စည်းတွေ ထားပေးတာ စတဲ့နည်းတွေနဲ့ ကြော်ငြာနိုင်တယ်။ ကားအတွင်း တက်ဘလက်တွေမှာ ပြသထားနိုင်ပြီး ကားတွေကို ရွေ့လျားစတိုးဆိုင်အသွင်ပြောင်းကာ နေ့စဉ်သွားလာနေတဲ့ခရီးသည်တွေကို ကုန်ပစ္စည်းအသစ်တွေနဲ့ မိတ်ဆက် ရောင်းချပေးနိုင်တယ်။ စင်ကာပူက မိတ်ဖက်ယာဉ်မောင်းတွေဟာ အဲသည်ဝန်ဆောင်မှုတွေနဲ့ ကော်မရှင်ရရှိပြီး အပိုဝင်ငွေရရှိနေကြပါတယ်။

## အပလီကေးရှင်း

မိမိလိုအပ်သလို ပြင်ဆင်ဖန်တီး အသုံးပြုနိုင်တဲ့ widget အပါအဝင် မိုဘိုင်းလ်ဂိမ်း၊ ဉာဏ်စမ်းတွေနဲ့ ဆောင်းပါးတွေလို ဂရက်ဘ်ရဲ့ နေ့စဉ်သုံးအပလီကေးရှင်းတွေမှာလည်း အရှေ့တောင်အာရှနိုင်ငံတွေမှာ စမတ်ဖုန်းအတွင်း ဒေါင်းလုပ်ဒ်ရယူတဲ့အကြိမ်ပေါင်း သန်း ၁၀၀ ကျော်ရှိနေပါပြီ။ ကုန်အမှတ်တံဆိပ်တွေဟာ ဂရက်ဘ်စီးနင်းသူတွေအတွက် စိတ်လှုပ်ရှားဖွယ် မက်ဆေ့ချ်နဲ့အတူ အထူးသီးသန့် promo code တွေ စီစဉ်ပေးပြီး သုံးစွဲသူတွေရဲ့ စိတ်ကျေနပ်မှုကို ထပ်မံရယူနိုင်တယ်။

ပြီးခဲ့တဲ့လက မိတ်ဆက်ပြသခဲ့တဲ့ ဂရက်ဘ်အပလီကေးရှင်းလုပ်ဆောင်ချက်အသစ်မှာ အသုံးပြုသူတွေအတွက် လိုအပ်တဲ့ အချက်အလက်တွေကို ဖော်ပြပေးနိုင်တဲ့ သတင်းစာမျက်နှာတစ်ခု ပါဝင်လာပြီဖြစ်တယ်။ ခရီးသွားနေတဲ့ အချိန်အတွင်း သတင်းတွေ၊ ကုန်ပစ္စည်း review တွေနဲ့ ဖျော်ဖြေရေးအစီအစဉ်တွေ ပြသပေးမှာဖြစ်တာကြောင့် ကုန်အမှတ်တံဆိပ်တွေအနေနဲ့ ဂရက်ဘ်နဲ့ ပူးပေါင်းပြီး ပွဲတော်ရာသီချိန်အလိုက် ဆက်စပ်တဲ့အကြောင်းအရာတွေကို ဖန်တီးပြသနိုင်မှာဖြစ်တယ်။

GrabAds ဝန်ဆောင်မှုကို အသုံးပြုနေကြတဲ့ကုန်အမှတ်တံဆိပ်တွေကတော့ Pepsi, Heineken, Dove Shopee, Tokopedia, Bukalapak နဲ့ Nestle BEAR-BRAD Malted Milk တို့ ပါဝင်တယ်။ GrabAds ဟာ ဂရက်ဘ် အသုံးပြုသူဦးရေပမာဏနဲ့ off-line ကြော်ငြာနေရာမျိုးစုံကို အသုံးချကာ အရှေ့တောင်အာရှတစ်လွှား ထိရောက်မှုရှိတဲ့ ဈေးကွက် ချဲ့ထွင်နိုင်စေဖို့ လုပ်ဆောင်ပေးနေတာဖြစ်တယ်။

**အောင်ထွန်းဦး**

## ဝန်ထမ်းများ ခေါ်ယူခြင်း

မော်ဒန်ဂျာနယ်၊ ကုမုဒြာဂျာနယ်နှင့် ကုမုဒြာရုပ်သံတို့တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါ ဝန်ထမ်းများခေါ်ယူလျက် ရှိပါသည်။

(၁) မားကက်တင်းဝန်ထမ်း သုံးဦး။
ဘွဲ့ရ။ အသက် ၂၀ မှ ၃၅ နှစ်အတွင်း။
အတွေ့အကြုံရှိသူ ဦးစားပေးမည်။
(၂) ဗီဒီယိုအယ်ဒီတင်း တစ်ဦး။
ဘွဲ့ရ။ အသက် ၂၀ မှ ၃၅ နှစ်အတွင်း။
အတွေ့အကြုံရှိသူ ဦးစားပေးမည်။
(၃) အငယ်တန်း သတင်းထောက် နှစ်ဦး။
ဘွဲ့ရ။ အသက် ၂၀ မှ ၃၅ နှစ်အတွင်း။
အတွေ့အကြုံရှိသူ ဦးစားပေးမည်။

စိတ်ပါဝင်စားသူများ အောက်ပါလိပ်စာသို့ လျှောက်ထားနိုင်ပါသည်။

မော်ဒန်၊ ကုမုဒြာဂျာနယ်။ အမှတ် ၁၁၃၊ ၅၂ လမ်း။
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၅၀၀၄၉၁၊ ၀၁ ၂၉၆၇၆၀။

www.burmeseclassic.com





# ဝယ်သူတွေရဲ့ ယုံကြည်မှုကို သင် ဘာလို့ မရတာလဲ

လူတွေက နှစ်သက်ပေမဲ့ စိတ်ထဲ မယုံကြည်ရတဲ့ ကုမ္ပဏီတစ်ခုနဲ့ ယှဉ်ရင် မနှစ်သက်ပေမဲ့ စိတ်ချယုံကြည်ရတဲ့ ကုမ္ပဏီနဲ့သာ ပိုပြီးအလုပ်အတူ လုပ်ချင်လေ့ရှိကြပါတယ်။

ဝယ်သူတွေရဲ့ သဘောကျ နှစ်သက်ခံရဖို့ဆိုတာ လုပ်ငန်းအတွက် တကယ်ကို အရေးကြီးပါတယ်။ ဒါပေမဲ့ ယုံကြည်စိတ်ချမှုကို ရနိုင်ဖို့ကလည်း လိုကိုလိုအပ်ပါတယ်။ လူတွေက ယုံကြည်ရမှ ပတ်သက်ချင်တာလေ။ ယုံကြည်မှုဆိုတာကလည်း အမှန်အတိုင်းဖော်ပြဖို့၊ စိတ်ချအားထားရဖို့အပြင် ကိုယ့်လုပ်ငန်းအကြောင်းကို ဖော်ပြနိုင်စွမ်း၊ ကိုယ် ဘယ်လိုဖော်ညွှန်းနိုင်သလဲဆိုတာကို မူတည်နေပါတယ်။ ကိုယ့်ပုံစံက ပေါ့ပေါ့ဆဆ၊ ကပြက်ကချော်ဖြစ်နေမယ်၊ စားသုံးသူနေရာက ဝင်မခံစားနိုင်ဘူးဆိုရင် ယုံကြည်မှုရလာမှာ မဟုတ်ပါဘူး။ ကဲ သင်ဘာကြောင့် ဝယ်သူတွေရဲ့ ယုံကြည်မှုကို မရတာလဲဆိုတာ သည်အချက်လေးတွေကြည့်ရင် သိလာပါလိမ့်မယ်။

*** ဝက်ဘ်ဆိုက်ကိုက အစမကောင်းခဲ့တာ**

ဒီဇိုင်းက မကောင်းဘဲ ပုံပန်းမကျ စလုပ်ခဲ့တဲ့ ဝက်ဘ်ဆိုက်တစ်ခုက ဘယ်လုပ်ငန်းအတွက်မဆို တကယ့်ကို မီးစတစ်ခု ဖြစ်ပါတယ်။ အီလက်ထရွန်းနစ် စီးပွားရေး (e-commerce) ဖြစ်တဲ့ ကုမ္ပဏီတွေအတွက်ချည်းပဲ ပြောတာမဟုတ်ဘူးနော်။ လုပ်ငန်းတိုင်းအတွက် အရေးကြီးတဲ့အချက်။ ဝက်ဘ်ဆိုက်ဆိုတာ လုပ်ငန်းတစ်ခုအတွက် ပထမဆုံး impression ကောင်းစေမယ့် ပုံစံဖြစ်ရမယ်။ ယုံကြည်မှုရှိရှိနဲ့ စနစ်တကျတည်ဆောက်ထားတာ မဟုတ်ဘူးဆိုရင် သင်ဟာ တခြားအပိုင်းတွေမှာလည်း ဖြစ်သလိုအလုပ်လုပ်နေတယ်လို့ ဝယ်သူအလောင်းအလျာတွေက ထင်မြင်ယူဆသွားနိုင်ပါတယ်။

စာမျက်နှာတွေကို (အထူးသဖြင့် စစချင်းပင်မစာမျက်နှာမှာ) သိပ်ရှုပ်ထွေးမနေပါစေနဲ့။ ပြီးတော့ သတင်းအချက်အလက် အကြောင်းအရာတွေကို သိပ်လည်းမနည်းစေဖို့၊ ပုံတွေစာတွေ အများကြီးနဲ့ မျက်စိမရှုပ်စေဖို့၊ စကားပြောချည်းပဲ မများစေဖို့၊ ကိုယ့်ဘာရန်းနဲ့ ပြောပေါက်အတွက် မလိုက်ဖက်တဲ့ ပုံတွေနဲ့ စာလုံးဖောင့်တွေကို သိပ်မများဖို့ ဂရုစိုက်ပါ။ ဆိုလိုတာက ကြည့်ရတာလွယ်ပြီး မျက်စိရှင်းစေဖို့ပါ။ သဒ္ဒါအသုံးအနှုန်း၊ စာလုံးပေါင်း သတ်ပုံမှန်ရဲ့လား စစ်ရပါဦးမယ်။ ဒါတွေကို သိပ်သတိမထားတတ်တဲ့ ဝယ်သူတွေ တွေ့ရင်တွေ့ခဲ့ဖူးနိုင်ပေမဲ့ သတ်ပုံမှားရင် အထင်သေးတာမျိုး ဂရုစိုက်တတ်တဲ့သူတွေ ရှိတတ်တာကို မမေ့ပါနဲ့။

ဝက်ဘ်ဆိုက်က ဝင်ကြည့်ရတာ မြန်ဆန်ဖို့၊ လေးမနေဖို့ ဂရုစိုက်ပါ။ အင်တာနက်သုံးတဲ့သူအများစုက နှေးနေရင် စိတ်မရှည်ကြသလို နှေးကွေးတဲ့ဝက်ဘ်ဆိုက်တစ်ခုဟာ Google ranking အဆင့်သတ်မှတ်ချက်မှာ နောက်ကောက်ကျရပါလိမ့်မယ်။ ဒါ့ကြောင့် အထင်ကြီးစရာမကောင်းတဲ့ ဝက်ဘ်ဆိုက်လို့ မြင်သွားခဲ့ရင် သင်က ဒါကိုအရေးမစိုက်တာ၊ ဒါမှမဟုတ် အရည်အချင်းရှိတဲ့ ဒီဇိုင်းသမားတွေ၊ စာရေးသူတွေကို ငှားနိုင်လောက်အောင် လုပ်ငန်းမအောင်မြင်နေဘူးလို့ ထင်သွားနိုင်ပါတယ်။

*** သင်နဲ့ သင့်ကုန်ပစ္စည်းအကြောင်း လူတွေရဲ့ပါးစပ်ဖျားကို မရောက်နိုင်တာ**

Invesp ရဲ့ စစ်တမ်းအရ ဝယ်သူ ၉၉ ရာခိုင်နှုန်းဟာ အွန်လိုင်းပေါ်က ရီဗျူး (သုံးသပ်ချက်အညွှန်း)တွေ ဖတ်ကြတယ်တဲ့။ အဲသည်ထဲကမှ ၈၈ ရာခိုင်နှုန်းက အပြင်မှာ လူချင်းပြောဆိုညွှန်းနေသလိုမျိုးကို ရီဗျူးတွေကိုယုံတယ်၊ ၇၂ ရာခိုင်နှုန်းက စိတ်ကျေနပ်စရာကောင်းတဲ့ အညွှန်းကိုဖတ်ပြီးမှပဲ လှုပ်ရှားတယ်။ စိတ်ကျေနပ်မှုရခဲ့တဲ့ ဝယ်သူတစ်ယောက်ရဲ့ အညွှန်းစကားလောက်ကောင်းတာ ဘယ်ရှိမလဲ။

ရီဗျူးနောက်ကို လိုက်ပါ။ လေ့လာမှုတွေအရ ဝယ်သူတွေ ၇၀ ရာခိုင်နှုန်းလောက်က လိုအပ်ရင် ရီဗျူးလေးတွေ ချန်ပေးခဲ့ဖို့ အဆင်သင့်ရှိနေတတ်ပါတယ်။ ဒါကြောင့် လူမှုမီဒီယာတွေ၊ ဘလော့ဂ်တွေနဲ့ မှတ်ချက်ကွန်မန့်တွေမှာ ဝယ်သူတွေနဲ့ တိုက်ရိုက်ဆက်ဆံပြီး ရီဗျူးလေးတွေ ရအောင်ဆွဲဆောင်နိုင်ပါတယ်။ သူတို့ဆီက အဆင်ပြေကြောင်း သုံးသပ်ချက်၊ အကြံပြုချက်လေးတွေရလာပြီဆိုရင် ကိုယ့်ဝက်ဘ်ဆိုက်နဲ့ လူမှုမီဒီယာတွေမှာ ပြန်မျှဝေပေတော့။

ကျေနပ်မှုမရှိတဲ့အကြောင်းမကောင်းတဲ့ မှတ်ချက်တွေပါလာမှာလည်း မကြောက်ပါနဲ့။ ပြဿနာတစ်ခုဖြစ်လာရင် ဖြေရှင်းလိုက်ပါ။ ဒါပေမဲ့ မကောင်းတဲ့ မှတ်ချက်ဆို ဖျက်ပစ်တာမျိုး၊ ပေါ်မလာအောင် ကိုယ်က တားဆီးနေရင် သင်က တစ်ခုခုကိုဖုံးကွယ်ထားတယ်၊ မရိုးသားဘူးလို့ ဝယ်သူတွေက တွေးမှာနော်။ မကောင်းတဲ့ ရီဗျူးလေးတွေ အနည်းအကျဉ်းရှိနေတာကပဲ ပွင့်လင်းမြင်သာမှုကို ဖော်ပြရာရောက်သလို အမှားကနေ သင်ခန်းစာယူနိုင်ပြီး ယုံကြည်မှု အတိုင်းအတာ တိုးတက်စေပါတယ်။

*** သင်က လူမှုမီဒီယာမှာ ရုပ်လုံးသိပ်မပြတာ**

သည်အချက်ကလည်း ရှေ့မှာပြောခဲ့သလိုပဲ။ သိပ်ပြီး တိတ်ဆိတ်နေလွန်းရင် သင်က လုပ်ငန်းကိုဂရုမစိုက်ဘူး၊ လူမှု မီဒီယာမှာ ဘာမှ စနစ်တကျ စီမံလုပ်ဆောင်တာမရှိဘူးဆိုတာမျိုး ဝယ်သူဖြစ်လာနိုင်သူတွေက မြင်သွားနိုင်ပါတယ်။

ဖေ့စ်ဘုတ်ခ်လို လူမှုမီဒီယာတွေမှာ လှုပ်ရှားမှု သိပ်မတွေ့ရတာဟာ လွှမ်းမိုးနိုင်စွမ်းအသုံးချ ဈေးကွက်နည်းပညာရဲ့ အကျိုးကျေးဇူးတွေကို မရရှိနိုင်တော့ပါ။ ဆိုလိုတာက လူတွေကို ဆွဲဆောင်နိုင်၊ လွှမ်းမိုးနိုင်တဲ့သူတွေနဲ့ သင်က ခိုင်မာတဲ့ ဆက်ဆံရေးရှိနေပါလျက် ဒါမှမဟုတ် သည်လိုလူတွေ ကိုယ့်ဆီမှာရှိနေလောက်အောင် ကံကောင်းနေပါလျက်နဲ့ အသုံးမချနိုင်ဘဲ ကိုယ်ပျောက်ဖြစ်နေရတာ ဆိုးပါတယ်။

*** သင်က တိကျမှန်ကန်မှုမရှိတာ**

အစပိုင်းမှာကတည်းက ကိုယ့်ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအကြောင်းနဲ့ပတ်သက်ပြီး ဘယ်တော့မှ ဝယ်သူအပေါ် မမှန်ကန်တာတွေ ပြောင်မငြင်းပါနဲ့။ တိကျမှန်ကန်မှုဆိုတာ ရိုးသားဖြောင့်မတ်ကြောင်း အခိုင်အမာပြောတာနဲ့ သိပ်ကွာခြားပါတယ်။ တိကျမှန်ကန်မှုမှာ ဝယ်သူအပေါ်ပေးမယ်လို့ ဆိုထားတဲ့ ကတိတွေကို တည်ဖို့အချက်လည်း ပါဝင်ပါတယ်။ အစက သည်ဟာ သည်လိုဖြစ်ရမယ်လို့ ကတိပေးထားပြီး ကတိအတိုင်း ရလဒ်ကို မပေးနိုင်ခဲ့ရင် ဝယ်သူဆီက ယုံကြည်မှုကို ရဖို့ဆိုတာ ရေစုန်မျှောလိုက်ပါတော့။

သင့်ရဲ့ ကုန်ပစ္စည်း၊ ဝန်ဆောင်မှု၊ ပွဲအစီအစဉ်တွေ၊ အရောင်းမြှင့်တင်တာတွေ စတဲ့အကြောင်းအရာအားလုံးကို ဘယ်နေရာမှာမဆို တိကျမှန်ကန်အောင် ဂရုစိုက်ပါ။

*** ဆက်ဆံရေး မတည်ဆောက်တာ**

ခုခေတ်မှာက ဝယ်သူတွေကို သွားဆက်သွယ်ရင် တစ်ခုခုရောင်းဖို့ကြိုးစားတာပဲလို့ သံသယဝင်ကြတယ်။ ကိုယ့်ပစ္စည်းကိုဝယ်အောင် သိပ်ပေါ်တင်ကြီးသွားဆက်သွယ်တာက ယုံကြည်မှုကို ပျက်စီးစေပါတယ်။ ဒါ့ကြောင့် တကယ့်ဈေးကွက်သမားတွေက ကုန်ပစ္စည်းကိုပဲ မိတ်ဆက်မယ့်အစား ကုန်ပစ္စည်းနဲ့ တိုက်ရိုက်မသက်ဆိုင်ဘဲ အများအကျိုးရှိစေမယ့် ခေါင်းစဉ်တွေ၊ အကြောင်းအရာတွေကို သုံးကြပါတယ်။ ဥပမာ အာမခံကုမ္ပဏီက ကျန်းမာရေးနဲ့ လူနေမှုဘဝ အကြောင်းအရာဘလော့ဂ်တွေ တင်မယ်၊ မိသားစုအရေးကိစ္စတွေ တင်မယ်ဆိုတာမျိုး တစ်ခုခုကို ပေးလိုက်ပြီး ယုံကြည်မှုကို တည်ဆောက်ယူတာပါ။ ဝယ်သူတွေနဲ့ ဆက်ဆံရေးတည်ဆောက်တဲ့အခါမှာ ကုန်ပစ္စည်းကို ဝယ်ပြီးတဲ့နောက် ဘယ်လိုသုံးရမယ်ဆိုတဲ့ အချက်အလက်တွေ အများကြီးပေးတာ၊ ဝယ်သူနဲ့ ဆက်ဆံရေးဝန်ထမ်းတွေဆီကလည်း (ဝယ်သူတွေ အဆင်ပြေနေရဲ့လားဆိုတာ) အခြေအနေကို အကဲခတ်နေရပါမယ်။ ကိုယ့်ပစ္စည်းရောင်းပြီး ပြီးရောလို့ ဆက်ဆံရေးကို ပစ်ထားလို့ မဖြစ်ပါဘူး။ နောက်ဆုံးအကြံပြုချင်တာက လုပ်ငန်းလုပ်တယ်ဆိုတာ ငွေရဖို့အတွက်လို့ ဝယ်သူတွေက သိပါတယ်။ ဒါပေမဲ့ သင်ဟာ သူတို့ရဲ့ အခက်အခဲတွေကိုဖြေရှင်းပေးဖို့၊ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးဖို့ ကူညီပေးမယ့်သူအဖြစ် သူတို့မြင်နေဖို့ လိုပါတယ်။

ဝယ်သူတွေရဲ့ ယုံကြည်မှုကို ရနိုင်ဖို့နဲ့ ဆက်ထိန်းသိမ်းနိုင်ဖို့က သင့်ရဲ့ အကြောင်း၊ လုပ်ငန်းအကြောင်းကို သူတို့ သိနိုင်မယ့်နည်းလမ်းနဲ့ သတင်းအချက်အလက်တွေဖော်ပြပါ။ သင့်ရဲ့ အသင်းအဖွဲ့တစ်ခုလုံးကို တစ်သားတည်းဖြစ်အောင် ထိန်းထားပါ။ ပွင့်ပွင့်လင်းလင်း ဆွေးနွေးပါဝင်ပါ။ ဝယ်သူတွေက သင်နဲ့ သင့်လုပ်ငန်းကိုယုံကြည်လာရုံတင်မက နှစ်သက်မှုပါ ရှိလာပါလိမ့်မယ်။

YSD

[ref: Inc.Asean, Aug 19, 2018.]

www.burmeseclassic.com



# စမတ်ဖုန်းကြောင့် မျက်လုံးတွေ ညောင်းတာ သတိသာစေဖို့

ဩဂုတ် ၂၃–၂၀၁၈ နေ့စဉ်နေထိုင်မှုဘဝထဲမှာ စမတ်ဖုန်းတွေ ဝင်ရောက်လာချိန်ကစလို့ လူတွေရဲ့အိပ်စက်မှုတွေက အပြောင်းအလဲတွေဖြစ်ပေါ်ခဲ့ပါတယ်။ သည်လိုပြောင်းလဲလာမှုတွေက ထူးဆန်းတယ်တော့မဟုတ်ပါဘူး။ တိုးတက်လာမှုတိုင်းမှာ ကောင်းကျိုး ဆိုးပြစ်ကတော့ ရှိစမြဲပဲလေ။ စမတ်ဖုန်းတွေကြောင့် ထိခိုက်လာတဲ့အထဲမှာ အသိသာဆုံးဖြစ်တဲ့ထိခိုက်မှုက အိပ်ရာထဲမှာ စမတ်ဖုန်းတွေ အသုံးပြုမှုကြောင့် မျက်လုံးတွေ ထိခိုက်လာတာပါပဲ။ Toledo တက္ကသိုလ်က သုတေသီတွေ ကတော့ စမတ်ဖုန်းကနေ ထွက်ရှိလာတဲ့ အပြာရောင်အလင်းတန်းတွေက မျက်စိကွယ်တဲ့အထိ ဖြစ်စေနိုင်တယ်လို့ လေ့လာတွေ့ရှိခဲ့ပါတယ်။

သည်တော့ တစ်သက်တာ အတွက်အရေးပါတဲ့ မျက်လုံးကို စမတ်ဖုန်းတွေကြောင့် ထိခိုက်ပျက်စီးတာမျိုး မဖြစ်စေဖို့ ကာကွယ်နိုင်မယ့် နည်းလမ်းလေးတွေကို ဖော်ပြပေးပါရစေ။

**မျက်လုံးကို အနားပေးပါ** – ဖုန်းစခရင်မ်ကို မိနစ် ၂၀ ကြည့်ပြီး တိုင်း စက္ကန့် ၂၀ မျက်လုံးကို အနားပေးပါ။ ပေ ၂၀ အကွာလောက်ကိုလှမ်းကြည့်ပြီး မျက်လုံးအညောင်းအညာပြေအောင် လုပ်ပေးပါ။ သည်လိုလုပ်ပေးတာက မျက်လုံးကြွက်သားတွေကို အနားရစေမှာပါ။

**မျက်တောင်ခဏခဏခတ်ပေးပါ** – ဖုန်းကို အာရုံစိုက်တဲ့အခါ မျက်တောင်ခတ်တဲ့နှုန်းက နည်းသွားနိုင်ပါတယ်။ ဒါကြောင့် မျက်လုံးခြောက်သွေ့ပြီး မျက်လုံးယားယံတာ၊ မျက်လုံးအောင့်တာနဲ့ အမြင်အာရုံတွေ ဝေဝါးတာမျိုး ဖြစ်နိုင်ပါတယ်။ ဒါကြောင့် မျက်တောင်ကို ခဏခဏ ခတ်ပေးဖို့ မမေ့ပါနဲ့။

**ဖုန်းအလင်းရောင်ကို လျှော့ပါ** – ဖုန်းကို စိုက်ကြည့်နေတာက မျက်လုံးကို အရမ်းညောင်းစေနိုင်ပါတယ်။ ဖုန်းအလင်းရောင်က များနေလေလေ မျက်လုံးကို မြန်မြန်ညောင်းညာစေလေလေပါ။ ဒါကြောင့် ဖုန်းသုံးတဲ့အခါ အလင်းရောင်ကိုတတ်နိုင်သမျှလျှော့ချပေးပါ။

**ဖုန်းကို ခပ်ဝေးဝေးမှာထားပြီး သုံးပါ** – လူတော်တော်များများက ဖုန်းကို မျက်နှာကနေ ရှစ်လက်မအကွာမှာထားပြီး သုံးကြတာများပါတယ်။ သည်အကွာအဝေးက မျက်နှာအတွက်ရော မျက်လုံးအတွက်ပါ မကောင်းပါဘူး။ ဖုန်းနဲ့ အရမ်းနီးကပ်တဲ့အခါ ဖုန်းကနေ ထွက်လာတဲ့ အပြာရောင်အလင်းရောင်က မျက်လုံးကို ထိခိုက်စေနိုင်ပါတယ်။ ဖုန်းသုံးတဲ့အခါ မျက်နှာကနေ အနည်းဆုံး ၁၆ လက်မကနေ ၁၈ လက်မလောက်အထိ ခွာထားပေးပါ။

**မအိပ်ခင်မှာ ဖုန်းပိတ်ပေးပါ** – ဖုန်းကနေထွက်တဲ့ အပြာရောင်အလင်းတန်းက အိပ်ချင်တာကိုဖြစ်စေတဲ့ ဟော်မုန်းတစ်မျိုး ဖြစ်တဲ့ မယ်လာတိုနင် ထွက်ရှိမှုကိုနည်းစေနိုင်ပါတယ်။ မယ်လာတိုနင် ထွက်ရှိမှု နည်းသွားတဲ့အခါ အိပ်စက်မှုစက်ဝန်း မူမမှန်တာမျိုးတွေ ဖြစ်သွားနိုင်ပါတယ်။ ဒါကြောင့် မအိပ်ခင် နာရီဝက်အလိုကတည်းက ဖုန်းပိတ်ထားပါ။



ဖုန်းနဲ့ အရမ်းနီးကပ်တဲ့အခါ ဖုန်းကနေ ထွက်လာတဲ့ အပြာရောင်အလင်းရောင်က မျက်လုံးကို ထိခိုက်စေနိုင်ပါတယ်။

**ဖုန်းရဲ့ အလင်းအမှောင်ကို သေချာ ထိန်းညှိဖို့ မမေ့ပါနဲ့** – သည်နည်းက ဖုန်းက အလင်းရောင်ကြောင့် မျက်လုံးထိခိုက်မှုကို ကာကွယ်ရာမှာ အသုံးတည့်တဲ့ နည်းလမ်းတစ်ခုပါ။ အလင်းရောင် အရမ်းများလွန်းတာ အလင်းအား နည်းလွန်းတာတွေက မျက်လုံးကို ထိခိုက်စေနိုင်ပါတယ်။ မျက်စိညောင်းညာမှုကို အလွယ်တကူဖြစ်စေနိုင်ပါတယ်။ ဒါကြောင့်ဖုန်းရဲ့ အလင်းရောင်ကို သေချာထိန်းညှိပေးပါ။

**မျက်လုံးကိုရေထဲမှာ မှိတ်လိုက်ဖွင့်လိုက်လုပ်ပေးပါ** – စမတ်ဖုန်း အလင်းရောင်ကြောင့် မျက်လုံးတွေ ညောင်းညာမှုကိုပြေလျော့စေနိုင်တဲ့ နောက်ထပ်နည်းလမ်းတစ်ခုက မျက်လုံးကို ရေထဲမှာ မှိတ်လိုက်ဖွင့်လိုက်လုပ်တာပါ။ မျက်လုံးကို ရေသန့်သန့်လေးထဲမှာ မှိတ်လိုက်ဖွင့်လိုက်လုပ် ပေးတာကမျက်လုံးယားယံ၊ ခြောက်သွေ့မှုတွေကို လျော့ကျစေနိုင်ပြီး အမြင်ဝေဝါးတာကို သက်သာစေပါတယ်။ တစ်သက်တာရှင်သန်ဖို့ မရှိမဖြစ်အရေးပါတဲ့ အစိတ်အပိုင်းဖြစ်တဲ့ မျက်လုံးလေးကို အခုလိုမျိုး လွယ်ကူတဲ့ နည်းလမ်းနဲ့ ကာကွယ်လိုက်ပါ။

> “ ဖုန်းစခရင်မ်ကို မိနစ် ၂၀ ကြည့်ပြီးတိုင်း စက္ကန့် ၂၀ မျက်လုံးကို အနားပေးပါ ”

**မအေးသီမွန်**

[Ref:https://www.boldsky.com]

# လက်သည်းလေးတွေ ဖြူဖွေးလှပစေဖို့



ဇူလိုင် ၃၀ – လက်သည်းလေးတွေက ကျန်းမာရေးအခြေအနေကို ဖော်ပြနေတဲ့ပြတင်းပေါက်လေးတွေပါ။ လက်သည်းလေးတွေရဲ့အရောင် အသွေးက ခန္ဓာကိုယ်မှာ ဘယ်လိုဝေဒနာတွေ ခံစားနေရလဲဆိုတာကို ဖော်ပြပေးနေပါတယ်။ လက်သည်းလေးတွေ ကျန်းမာစေဖို့က ပရိုတင်းကြွယ်ဝတဲ့အစားအစာတွေကို စားသုံးပေးတာက ထိရောက်တဲ့ နည်းလမ်းတစ်ခုပါ။

လက်သည်းလေးတွေရဲ့အနေအထားတွေက ခန္ဓာကိုယ်မှာ ခံစားနေရတဲ့ ရောဂါအခြေအနေတွေကို ဖော်ပြနေပါတယ်။

- လက်သည်းခြောက်နေတာက ရေဓာတ်နည်းနေတာ
- လက်သည်းလေးတွေ သွေးရောင်ဖျော့နေတာက သွေးဖြူဥနည်းနေတာ၊ အသည်း မကျန်းမာတာ၊ အာဟာရချို့တဲ့နေတာ
- လက်သည်းလေးတွေ ဖြူဖတ်ဖတ်ဖြစ်နေပြီးလက်သည်းပန်းကုံးမည်းနေတာက အသည်းရောင်အသားဝါလိုမျိုး အသည်းရောဂါ ခံစားနေရတာ
- လက်သည်းတွေ ဝါနေတာက မှိုပိုးကူးစက်ခံရတာ
- လက်သည်းတွေ ပြာနှမ်းနေတာက သွေးတွင်း အောက်ဆီဂျင် မပြည့်ဝနေတာ
- လက်သည်းတွေ တွန့်ခေါက်နေတာက အဆစ်အမျက်ရောင်ရောဂါခံစားနေရတာ
- လက်သည်းတွေ ကွဲအက်တာက အူရောင်ငန်းဖျားဖြစ်နေတာ
- လက်သည်းမှာ အနက်စင်းတွေဖြစ်နေတာက အရေပြားကင်ဆာခံစားနေရတာ

လက်သည်းလေးတွေ ဖြူစင်လှပနေအောင် အိမ်မှာ ကိုယ်တိုင်လုပ်ဆောင်နိုင်မယ့် နည်းလမ်းလေးတွေကို ဖော်ပြပေးလိုက်ပါတယ်။

> “ လက်သည်းလေးတွေရဲ့ အရောင်အသွေးက ခန္ဓာကိုယ်မှာ ဘယ်လို ဝေဒနာတွေ ခံစားနေရလဲ ဆိုတာကို ဖော်ပြ ပေးနေပါတယ် ”

## မုန့်ဖုတ်ဆော်ဒါ

မုန့်ဖုတ်ဆော်ဒါလက်ဖက်ရည်ဇွန်းတစ်ဇွန်းစာကို သံပရိုရည် လက်ဖက်ရည်ဇွန်း နှစ်ဇွန်းစာနဲ့ရောပြီး ရလာတဲ့အနှစ်ကို သွားပွတ်တံ ပျော့ပျော့လေးနဲ့ လက်သည်းတွေပေါ်မှာ တိုက်ပေးပါ။ ပြီးရင် ၁၀ မိနစ် ၁၅ မိနစ် လောက်ထားပြီး ရေဆေးချလိုက်ပါ။ ပြီးရင် အစိုဓာတ်ထိန်းခရင်မ်တစ်ခုခု လူးပေးပါ။ လက်သည်းလေးတွေ မခြောက်အောင်ပါ။ လက်သည်းအစွန်းတွေကို ကျွတ်စေမှာပါ။

## သွားတိုက်ဆေး

သွားတိုက်ဆေးကို သွားပွတ်တံနဲ့ယူပြီး လက်သည်းအပေါ်ရော လက်သည်းအောက်ဘက်နားလေးတွေကိုပါတိုက်ပေးပါ။ ငါးမိနစ်လောက်ထားပြီး ရေဆေးချလိုက်ပါ။ သွားတိုက်ဆေးကို gel type မဟုတ်တဲ့ white paste ကို သုံးပေးပါ။

## ဆားနဲ့သံပရို

ဆားလက်ဖက်ရည်ဇွန်းတစ်ဇွန်းစာကိုသံပရိုရည် လက်ဖက်ရည်ဇွန်းတစ်ဇွန်းစာနဲ့ ရောစပ်ပြီး လက်သည်းလေးတွေကိုခပ်ဖွဖွပွတ်တိုက်ပေးပါ။ ငါးမိနစ်လောက်ထားပြီး ရေနွေးနွေးလေးနဲ့ဆေးချလိုက်ပါ။ ပြီးရင် အစိုဓာတ်ထိန်းခရင်မ်လူးပေးပါ။ တောက်ပြောင်တဲ့လက်သည်းလေးကို ရရှိမှာပါ။

## ဗီနီကာ

ခွက်တစ်ခုထဲမှာ ရေနည်းနည်းနဲ့ ဗီနီကာ အဖြူလက်ဖက်ရည်ဇွန်းတစ်ဇွန်းစာကို ရောစပ်ပါ။ လက်သည်းတွေကို အဆိုပါအရည်ထဲ ငါးမိနစ်လောက်စိမ်ပေးပါ။ ပြီးရင် ရေနွေးနွေးနဲ့ ဆေးချပြီး ခြောက်အောင် သုတ်ပါ။ ပြီးရင် အစိုဓာတ်ထိန်းခရင်မ် လူးပေးနော်။ လှပသန့်စင်တဲ့ လက်သည်းလေးရရှိစေမှာပါ။

## လိမ္မော်ခွံ

လိမ္မော်ခွံကို လက်သည်းပေါ်မှာ တစ်နေ့ နှစ်ကြိမ်ကနေ သုံးကြိမ်လောက်အထိ ပွတ်ပေးပါ။ ပြီးရင် ၁၀ မိနစ်လောက်ထားပြီး လက်ကို ရေနွေးနွေးလေးနဲ့ ဆေးချ လိုက်ပါ။ လက်သည်းက အစွန်းအထင်းတွေကို ဖယ်ရှားပေးပါလိမ့်မယ်။

## Apple Cider Vinegar

ရေနွေးနွေး ခွက်တစ်ဝက်စာနဲ့ apple cider vinegar ခွက်တစ်ဝက်စာ ရောစပ်ပါ။ ပြီးရင် လက်တွေကို စိမ်ထားပေးလိုက်ပါ။ မိနစ် ၂၀ လောက်စိမ်ထားပေးပါ။ ပြီးရင် ရေနွေးနွေးလေးနဲ့ သန့်စင်ဆေးကြောပြီး အစိုဓာတ်ထိန်းခရင်မ် တစ်ခုခု လူးပေးပါ။ လက်သည်း ပိုးဝင်တာတွေကိုသက်သာစေမှာပါ။

## ကြက်သွန်ဖြူ

ကြက်သွန်ဖြူတွေကို ညက်နေအောင်ထောင်းပြီး လက်သည်းမှာ အုံထားပါ။ ၁၅ မိနစ်လောက်ထားပြီး ရေနွေးနွေးလေးနဲ့ဆေးချပေးလိုက်ပါ။ မှိုပိုးဝင်တာကြောင့် လက်သည်းတွေ အရောင်ပြောင်းတာကို သက်သာစေနိုင်ပါတယ်။

## Tea Tree Oil (လက်ဖက်ဆီ)

လက်ဖက်ဆီကို လက်သည်းပေါ်မှာ လိမ်းပေးပါ။ ပြီးရင် ၁၀ မိနစ်လောက်ထားပြီး ရေနွေးနွေးလေးနဲ့ ဆေးကြောသန့်စင်လိုက်ပါ။ ပိုးတွေကို သေစေပြီး လက်သည်းဝါနေတာတွေကို သက်သာစေမှာပါ။

**မအေးသီမွန်**[ref: www.boldsky.com]

www.burmeseclassic.com



# တရုတ်မှာ အကျပ်ရိုက်နေတဲ့ အက်ပဲလ်အပလီကေးရှင်း ၂၅,၀၀၀ ကို ဖယ်ရှား

**ဩဂုတ် ၂၀** – ဘေဂျင်းနဲ့ဝါရှင်တန်ကြားက ကုန်သွယ်ရေးတင်းမာမှုအလယ်မှာ အကျပ်ရိုက်နေတဲ့အမေရိကန် ကုမ္ပဏီကြီး အက်ပဲလ်ဟာ တရုတ်နိုင်ငံရှိ သူ့ရဲ့ အက်ပ်စတိုးကနေ လောင်းကစားနဲ့ပတ်သက်တဲ့ အပလီကေးရှင်း ပေါင်းများစွာကို ဖယ်ရှားလိုက်တယ်လို့ တနင်္လာနေ့က ပြောပါတယ်။

အက်ပဲလ်ဟာ လောင်းကစားကို အားပေးတဲ့၊ တရားမဝင်ထီနဲ့ ပတ်သက်တဲ့ သံသယရှိဖွယ် အက်ပ် ၂၅,၀၀၀ ကို ဖယ်ရှားခဲ့တယ်လို့ နိုင်ငံပိုင်အသံလွှင့်ဌာန စီစီတီဗီက တနင်္ဂနွေနေ့က ပြောခဲ့ပြီး ဆက်လုပ်စရာတွေရှိသေးတယ်လို့အလေးအနက်ပြောကြားခဲ့ပါတယ်။

'အက်ပဲလ်ကုမ္ပဏီရဲ့ အကြီးစားပြင်ဆင်မှုအပြီးမှာ ဟာကွက်တွေရှိနေသေးတာကို သတင်းပို့သူတွေရှာတွေ့ခဲ့တယ်' လို့စီစီတီဗီ ရုပ်သံသတင်း ကြေညာသူ ချန်းရှောင်က ပြောပါတယ်။

သည်ကုမ္ပဏီဟာ တရားမဝင် လောင်းကစားအက်ပ်တွေတိုးပွားလာအောင် ခွင့်ပြုထားတယ်လို့ စီစီတီဗီသတင်းတစ်ပုဒ်မှာ စွပ်စွဲထားပါတယ်။

'တရားမဝင် လောင်းကစားအက်ပ်တွေဖြန့်ဖို့ကြိုးစားနေတဲ့အတွက်အက်ပ်တော်တော်များများနဲ့ အက်ပ် ထုတ်လုပ်သူတွေကို အက်ပ်စတိုးကနေ ကျွန်တော်တို့ ဖယ်ရှားထားပြီးပါပြီ၊ ဒါမျိုးတွေ အက်ပ်စတိုးကနေရှာဖွေဖယ်ရှားဖို့ ကျွန်တော်တို့ ဝီရိယထားကြိုးစားတယ်' လို့ သည်ကုမ္ပဏီက ထုတ်ပြန်ချက်တစ်ခုမှာ ပြောခဲ့ပါတယ်။

ဝါရှင်တန်နဲ့ ဘေဂျင်းအကြား ဒေါသစွက်လာတဲ့ပြောဆိုမှုတွေနဲ့အတူ အက်ပဲလ်ရဲ့တရုတ်လုပ်ငန်းတွေ မှာ ချို့ယွင်းချက်တွေကို တရုတ်နိုင်ငံပိုင် မီဒီယာက ရှာဖွေနေပါတယ်။

'အက်ပဲလ်ပလက်ဖောင်းရဲ့ အကူအညီနဲ့ လောင်းကစားအော်ပရေတာတွေက တိုက်ရိုက်အကျိုးအမြတ် ရနိုင်တယ်' လို့ ဥပဒေပါမောက္ခတစ်ဦးရဲ့ အပြောကို နောက်ဆုံးစီစီတီဗီ သတင်းတစ်ပုဒ်မှာကိုးကားထားပြီး အက်ပ်စတိုးက နေသည့်အက်ပ်တွေကို ဖယ်ရှားရုံသာမက အသုံးပြုနေဆဲ အက်ပ်တွေကိုပါ ဖုန်းထဲကနေ အသုံးမပြုနိုင်အောင် ဖြတ်တောက်ဖို့ အက်ပဲလ်မှာ တာဝန်ရှိတယ်လို့ ထပ်ပြောခဲ့ပါတယ်။

သည်နွေဦးမှာ တရုတ်အသုံးပြုသူတွေရဲ့ အချက်အလက်တွေကို နိုင်ငံပိုင်ကုမ္ပဏီဆီ လွှဲပြောင်းပေးခဲ့မှုအပါအဝင် အက်ပဲလ်ဟာ တရုတ်အာဏာပိုင်တွေကိုကျေနပ်စေဖို့ ခြေလှမ်းများစွာ ဆောင်ရွက်ပေးခဲ့ပါတယ်။

သည်လုပ်ဆောင်ချက်ကို လူ့အခွင့်အရေးအုပ်စုတွေက ဝေဖန်ခဲ့ပြီး တရုတ်နိုင်ငံသားအသုံးပြုသူတွေကပါ အချက်အလက် သီးသန့်လုံခြုံမှုနဲ့ပတ်သက်ပြီး စိုးရိမ်နေကြပါတယ်။ **မေသက်**

[ref: AFP, Aug 20, 2018.]

# ငွေကြေးပြဿနာတွေ တရုတ်ကူညီပေးဖို့ မလေးရှားဝန်ကြီးချုပ် တောင်းဆို

**ဩဂုတ် ၂၀**– မလေးရှားဝန်ကြီးချုပ် မဟာသီမိုဟာမက်က သူ့တိုင်းပြည်ရဲ့ငွေကြေးပြဿနာတွေကို ကူညီပေးဖို့တရုတ်ထိပ်တန်းခေါင်းဆောင်တွေကို တနင်္လာနေ့က တောင်းဆိုခဲ့ပါတယ်။ မကောင်းသတင်းကျော်စောခဲ့တဲ့ အရင်အစိုးရလက်အောက်မှာ ချုပ်ဆိုခဲ့တဲ့ တရုတ်ပံ့ပိုးပေးမယ့်စီမံကိန်းကြီးတွေကို သူက ပြင်ဆင်ဖို့ ကြိုးစားနေပါတယ်။

မေလမှာ အံ့ဩဖွယ်အနိုင်ရပြီးတဲ့နောက် ဒုတိယအကြိမ်ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်နေတဲ့ အသက် ၉၃ အရွယ် မဟာသီဟာ နာဂျစ်ရာဇတ်အစိုးရအဖွဲ့လုပ်ခဲ့တဲ့ တရုတ်နိုင်ငံပိုင်ကုမ္ပဏီတွေနဲ့ချုပ်ဆိုခဲ့တဲ့သဘောတူစာချုပ်ပေါင်းများစွာကို ပြန်လည်စိစစ်နေပါတယ်။

အဓိကရထားလမ်းကွန်ရက်ကြီးတစ်ခုအပါအဝင် အမေရိကန်ဒေါ်လာ ၂၂ ဘီလျံကျော် တန်ဖိုးရှိတဲ့ တရုတ်ပံ့ပိုးမယ့်စီမံကိန်းတွေကို မဟာသီအစိုးရက ရပ်ဆိုင်းထားပြီး သူ့ရဲ့ငါးရက်တာခရီးစဉ်မှာ သည်သဘောတူညီမှုနဲ့ ပတ်သက်ပြီး မမျှတတဲ့အချက်တွေကို ထုတ်ဖော်ပြောမယ်လို့ မဟာသီက ကတိပြုခဲ့ပါတယ်။



မလေးရှားဝန်ကြီးချုပ်မဟာသီနဲ့ တရုတ်ဝန်ကြီးချုပ် လီကေ့ချန်း။

တရုတ်ဝန်ကြီးချုပ်လီကေ့ချန်နဲ့ ဘေဂျင်းပြည်သူ့ခန်းမဆောင်ကြီးမှာ သတင်းစာရှင်းလင်းပွဲလုပ်ချိန်မှာ မဟာသီက တရုတ်ကိုဒူးရင်းသီးလိုမျိုးစိုက်ပျိုးရေးထွက်ကုန်တွေကို အထူးပြုတိုးမြှင့်တင်သွင်းဖို့ သဘောတူခဲ့တဲ့အတွက် ကျေးဇူးတင်ကြောင်းပြောခဲ့ပါတယ်။

မဟာသီက ကမ္ဘာ့ဒုတိယအကြီးဆုံးစီးပွားရေးကနေ အခုထက်ပိုပြီး မျှော်လင့်ထားတယ်လို့လည်း ပြောခဲ့ပါတယ်။

'တရုတ်ဟာ ကျွန်တော်တို့ ဖြေရှင်းရမယ့် ပြဿနာကို ကိုယ်ချင်းစာတရားထားရှိမယ်လို့ထင်ပြီး ကျွန်တော်တို့ရဲ့ ပြည်တွင်းငွေကြေးပြဿနာအချို့ကိုဖြေရှင်းရာမှာ ကူညီမယ်လို့ ယုံကြည်တယ်' လို့သူက ပြောခဲ့ပါတယ်။

ပြီးခဲ့တဲ့အပတ်က မဟာသီက အရင်အစိုးရရဲ့ တရုတ်နဲ့ သဘောတူညီမှုတွေကို ပြုပြင်တာတွေ၊ ဖျက်သိမ်းတာတွေ ဆောင်ရွက်မယ်လို့ပြောခဲ့ပြီး 'ကျွန်တော်တို့အတွက် အရေးကြီးဆုံးအရာက ပိုက်ဆံချွေတာဖို့ပဲ' လို့အလေးအနက် ပြောကြားခဲ့ပါတယ်။

မဟာသီဟာ အမေရိကန်ဒေါ်လာ ၂၅၀ ဘီလျံလောက်ရှိတဲ့ မလေးရှားနိုင်ငံရဲ့ အကြွေးတွေကို ဆပ်ဖို့ကြိုးစားနေပါတယ်။

သည်ခရီးစဉ်အတွင်းမှာ မဟာသီဟာ တရုတ်နဲ့ချိတ်ဆက်ထားတဲ့စာချုပ်တွေကိုပြင်ဆင်မယ်လို့ ခြိမ်းခြောက်နေပေမဲ့လည်း ဘေဂျင်းနဲ့ စီးပွားရေးဆက်ဆံမှုတွေ တိုးမြှင့်နိုင်ဖို့ ကြိုးပမ်းနေပါတယ်။

တရုတ်တိုင်းရင်းသားလူနည်းစုတွေအတွက် မွေးရပ်မြေဖြစ်နေတဲ့ မလေးရှားဟာ တရုတ်ရဲ့ထိပ်တန်းကုန်သွယ်ရေး မိတ်ဖက်တစ်နိုင်ငံဖြစ်ပါတယ်။

ဝေဖန်သူတွေကတော့ အဆိုပါ စာချုပ်ပါအချက်တွေထဲက အတိုးနှုန်းတွေလိုမျိုးသတ်မှတ်ချက်တွေမှာ ပွင့်လင်းမြင်သာမှုမရှိတာတွေကို ထောက်ပြခဲ့ပြီး ဒါဟာ မလေးရှားအတွက် မသင့်တော်တဲ့ စာချုပ်ဖြစ်တယ်လို့ ဝေဖန်ကြပါတယ်။ ဒါကြောင့် နာဂျစ်ရဲ့ အဆိုပါစာချုပ်တွေနဲ့ ပတ်သက်ပြီး ရည်ရွယ်ချက်အစစ်အမှန်ကို သံသယစိတ်တွေ ပိုကြီးထွားစေခဲ့ပါတယ်။ **မေသက်**

[ref: AFP, Aug 20, 2018.]

# ကားဘီးကို သော့ခတ်တဲ့ ချင်းမိုင်လေဆိပ် အစောင့်ကို ကားနဲ့ဝင်တိုက်

**ဩဂုတ် ၂၁**– ဒေါသကြီးတဲ့ အသက် ၆၉ နှစ်အရွယ် အမျိုးသမီးတစ်ယောက်ဟာ ချင်းမိုင်လေဆိပ်မှာ တနင်္လာနေ့ညနေက သူ့ကားဘီးကို သော့လာခတ်တဲ့ လုံခြုံရေးအစောင့်တစ်ဦးကို ကားနဲ့ဝင်တိုက်တဲ့အတွက် အဖမ်းခံခဲ့ရပါတယ်။

သည်ဖြစ်ရပ်ဖြစ်ခဲ့တာက ဖက်ထရာဘွန်ချာလျူကို လေဆိပ်မှာ ပါကင်ဒဏ်ကြေးဘတ် ၄၀၀ ကောက်ခံခဲ့ပြီးနောက်ဖြစ်ကြောင်း ရဲက ဆိုပါတယ်။

မစ္စဖက်ထရာဟာ သူ့သူငယ်ချင်းကို လိုက်ပို့ဖို့ လေဆိပ်ကို ရောက်လာပြီး သူ့ကားကို ခရီးသည်ဝင်ပေါက်ရှေ့မှာ တစ်နာရီကျော်ရပ်ထားခဲ့ပါတယ်။

လေဆိပ်အဆောင်ထဲက သူထွက်လာတဲ့အခါ သူ့ကားဘီး သော့ခတ်ခံထားရတာ မြင်တွေ့ပါတယ်။ သူဟာ ဒေါသထွက်ပုံရပေမဲ့ ဒဏ်ကြေးကို ဆောင်ခဲ့ကြောင်း ရဲက ဆိုပါတယ်။

သူဟာ သူ့ကားဆီကို ပြန်လာပြီးဘီးကို သော့ခတ်ထားတဲ့ လုံခြုံရေးဖြစ်တဲ့ ဗက်ချာရာချိုင်ဝမ်(၂၇ နှစ်)ကို ဘောက်ချာကို ပြပါတယ်။ ဘီးကို လုံခြုံရေးက သော့ဖွင့်ပေးလိုက်ပါတယ်။

အဲသည်နောက် သူဟာလုံခြုံရေးကို ကားနဲ့ဝင်တိုက်ခဲ့ကြောင်း၊ လုံခြုံရေးဟာ လမ်းတစ်လျှောက် ကားနဲ့ချိတ်ပါသွားပြီး အပြင်းအထန် ဒဏ်ရာရရှိခဲ့ကြောင်း ရဲက ဆိုပါတယ်။ ကားဟာ တခြားကားလေးစီးကိုလည်း တိုက်ပြီးနောက် မီတာ ၄၀–၅၀ လောက်အကွာမှာ ရဲနဲ့ဘေးနားက ရပ်ကြည့်သူတွေက တားဆီးနိုင်ခဲ့ပါတယ်။

မစ္စတာ ဗက်ချာရာကို မဟာရက်ဂျ်နာခွန်ချင်းမိုင်ဆေးရုံကို တင်ပို့ခဲ့ပြီး ရဲတွေက မစ္စဖက်ထရာကို ဖူပင်းရဲစခန်းကို ခေါ်ဆောင်ခဲ့ပါတယ်။ **စုပြည့်စုံ**

[ref:Bangkokpost,Aug 21,2018.]

www.burmeseclassic.com



# အမေရိကန်–တရုတ် ကုန်သွယ်ရေးစစ်ပွဲမှာ ဩစတြေးလျားအထိနာ



ရင်းမြစ်ကြွယ်ဝတဲ့ ဩစတြေးလျားနိုင်ငံဟာ သံသတ္တုရိုင်းကနေ ကျောက်မီးသွေး၊ နွားနို့နဲ့ ဝိုင်စတဲ့ ကုန်ပစ္စည်းအမျိုးမျိုးကို လိုချင်တဲ့ တရုတ်ဆီကနေ အထူးအကျိုးအမြတ် ရရှိခဲ့ပါတယ်။

**ဩဂုတ် ၂၂**–အမေရိကန်နဲ့တရုတ်ကြား ကုန်သွယ်ရေးစစ်ဖြစ်နေချိန်မှာ နိုင်ငံတစ်ခုက သူတို့ထက် ပိုအထိနာနေပါတယ်။

ကမ္ဘာ့စီးပွားရေးနိုင်ငံကြီးနှစ်ခုက အိတ်စပို့တွေကို ကုန်သွယ်ခွန်တွေ တနင့်တပိုးကောက်ပြီး အပြန်အလှန်တွယ်နေချိန်မှာ ဩစတြေးလျားက ကြားညပ်နေပါတယ်။ သူတို့ရဲ့တိုက်ပွဲက မကြာခင် အဆုံးသတ်တော့မယ့်ပုံလည်း မရှိပါဘူး။

ဩစတြေးလျားဟာ တစ်ကမ္ဘာလုံးကို အထူးသဖြင့် တရုတ်ကို ကုန်ပစ္စည်းတွေရောင်းပြီး ချမ်းသာကြွယ်ဝလာတာပါ။ တရုတ်ဟာ ဩစတြေးလျားရဲ့ အိတ်စပို့ သုံးပုံတစ်ပုံလောက်ကို နှစ်စဉ်ဝယ်ယူနေပါတယ်။

'ဩစတြေးလျားရဲ့ အောင်မြင်မှုက ကမ္ဘာ့တခြားနိုင်ငံတွေပေါ် အထူးမှီခိုနေတယ်' လို့ ကက်ပီတယ်အီကော်နောမစ်သုတေသနလုပ်ငန်းမှ ပေါလ်ဒေးလ်စ်က ပြောပါတယ်။

ဩစတြေးလျားဟာ စီးပွားပျက်ကပ်မကြုံဘဲ ၂၅ နှစ် ကျော်ကျော် ဖြတ်လာပြီးအဲသည်လို အောင်မြင်မှုရဖို့ တရုတ်က အဓိက အကြောင်းရင်း ဖြစ်တယ်လို့ လေ့လာဆန်းစစ်သူတွေက ပြောပါတယ်။

ရင်းမြစ်ကြွယ်ဝတဲ့ ဩစတြေးလျားနိုင်ငံဟာ သံသတ္တုရိုင်းကနေ ကြေးနီ၊ နွားနို့နဲ့ ဝိုင်စတဲ့ ကုန်ပစ္စည်းအမျိုးမျိုးကိုလိုချင်တဲ့ တရုတ်ဆီကနေ အထူး အကျိုးအမြတ် ရရှိခဲ့ပါတယ်။ တရုတ်ဧည့်သည်တွေကလည်း ဩစတြေးလျားမှာ တစ်နှစ်ကိုဒေါ်လာ ဘီလျံနဲ့ချီပြီး သုံးစွဲကြပါတယ်။

ဒါပေမဲ့ စိုးရိမ်မှုတွေ မြင့်မားလာပါတယ်။ ဩစတြေးလျားဒေါ်လာဟာ ဇန်နဝါရီလကုန်ပိုင်းကစပြီး အမေရိကန်ဒေါ်လာနဲ့ယှဉ်ရင် ၁၀ ရာခိုင်နှုန်းနီးပါး တန်ဖိုးလျော့ကျလာပြီး အကြောင်းရင်းတစ်ခုကတော့ကုန်သွယ်ရေးပြဿနာ ကြီးထွားလာတာဟာ ကမ္ဘာ့တိုးတက်မှုကိုထိခိုက်ပြီး ဩစတြေးလျားကုန်ပစ္စည်းဝယ်လို အားကျမှာစိုးတဲ့ စိတ်တွေကြောင့် ဖြစ်ကြောင်းလေ့လာဆန်းစစ်သူတွေက ပြောပါတယ်။

ဥပမာတရုတ်စတီးအပေါ်အမေရိကန် ကုန်သွယ်ခွန် ကောက်ခံမှုကြောင့် စတီးပစ္စည်းတွေထုတ်လုပ်နေတဲ့ တရုတ်စက်ရုံတွေဆီ ရောင်းချနေတဲ့ဩစတြေးလျားရဲ့ကုန်ကြမ်း အမှာထိခိုက်နိုင်ပါတယ်။

ဒါ့အပြင် တရုတ်စီးပွားရေးဟာ လတ်တလောကာလတွေမှာစတင်နှေးကွေးလာပြီး သံသတ္တုရိုင်းနဲ့ကြေးနီလိုမျိုး အဓိကကျတဲ့ဩစတြေးလျား အိတ်စပို့တွေရဲ့ ဈေးနှုန်းကို ထိခိုက်စေပါတယ်။

ဩစတြေးလျားဗဟိုဘဏ်က တရုတ်မှာ အခြေအနေတစ်ခုခုဆိုးရွားတာဟာ ဩစတြေးလျားအတွက် အကြီးဆုံး စီးပွားရေး အန္တရာယ်တစ်ခုပဲလို့ သတိပေးခဲ့ပါတယ်။

အားပျော့လာတဲ့ဩစတြေးလျား ဒေါ်လာကြောင့် လာမယ့်လတွေမှာ နိုင်ငံစက်မှုလုပ်ငန်းတွေ အထောက်အကူဖြစ်စေပြီး အိတ်စပို့တွေကို ပိုမိုယှဉ်ပြိုင်နိုင်စွမ်းရှိစေပါတယ်။ ဒါပေမဲ့ ဒါဟာတရုတ်ဆီတင်ပို့တဲ့ အိတ်စပို့တွေအတွက်တော့ အဆင်ပြေမှာမဟုတ်ပါဘူး။ တရုတ်ငွေကြေးဟာလည်း လတ်တလောကာလတွေမှာ သိသိသာသာ အားပျော့လာလို့ ဖြစ်ပါတယ်။

အမေရိကန်–တရုတ်ကုန်သွယ်ရေး တင်းမာမှုကြောင့် ဩစတြေးလျားအတွက် အကျိုးကျေးဇူးတချို့ဖြစ်ပေါ်စေနိုင်ပါတယ်။ တကယ်လို့ ဘေဂျင်းကသာ အမေရိကန်ရဲ့ သစ်သီးနဲ့ သဘာဝဓာတ်ငွေ့လိုမျိုး ကုန်ပစ္စည်းတွေကို လက်တုံ့ပြန်အခွန်ကောက်ရင် တရုတ်အင်ပို့သမားတွေ အနေနဲ့ ဩစတြေးလျားကုန်ပစ္စည်းသွင်းသူတွေဆီက ပြောင်းလဲဝယ်ယူလာနိုင်ပါတယ်။ ဒါပေမဲ့ သည်လိုဖြစ်လာမယ့် အထောက် အထား မရှိကြောင်း ဒေးလ်စ်က ဆိုပါတယ်။

> “တရုတ်ဟာ ဩစတြေးလျား အိတ်စပို့ သုံးပုံတစ်ပုံ လောက်ကို နှစ်စဉ်ဝယ်ယူ နေပါတယ်”

ဩစတြေးလျားအစိုးရဟာဘေးကျပ်နံကျပ်အနေအထားမှာရှိနေပြီး အစိုးရဟာ ကုန်သွယ်ရေးစစ်ပွဲမှာ တရုတ် ဘက်ကိုရော အမေရိကန်ဘက်ကိုပါ လိုက်လို့မရတဲ့ အနေအထားမှာ ရောက်နေပါတယ်။

ဩစတြေးလျားက တရုတ်ကို တင်ပို့တဲ့ပစ္စည်းဟာ အမေရိကန်ကို တင်ပို့ရောင်းချတာထက် ခြောက်ဆလောက် များပါတယ်။ ဒါပေမဲ့ အမေရိကန်ကုမ္ပဏီတွေ၊ ရန်ပုံငွေတွေဟာ ဩစတြေးလျားစီးပွားရေးမှာကြီးမားတဲ့ ရင်းနှီးမြှုပ်သူတွေဖြစ်ပြီး တရုတ်ထက်အများကြီး ပိုများပါတယ်။

'သူတို့က နှစ်ဖက်စလုံးနဲ့အဆင်ပြေအောင်ကြိုးစားရလိမ့်မယ်' လို့ ဒေးလ်စ်က ပြောပါတယ်။ **စုမြည့်စံ**

[ref: CNN Money, Aug 22, 2018.]

# တရုတ်က သူ့ငွေကြေးသူ ပြန်ကစားနေတယ်လို့ ထရမ့်စွပ်စွဲ



**ဩဂုတ် ၂၁** - အမေရိကန်သွင်းကုန်ခွန်တွေကို ချေပအနိုင်ယူဖို့အတွက် တရုတ်ဟာ သူ့ရဲ့ငွေကြေးကို သူကိုယ်တိုင် ပြန်ကစားနေတယ်လို့ ဒေါ်နယ်ထရမ့်က စွပ်စွဲလိုက်ပါတယ်။

ရိုက်တာသတင်းဌာနနဲ့ အင်တာဗျူးတစ်ခုမှာ ပြောကြားလိုက်တဲ့ထရမ့်ရဲ့သည်စွပ်စွဲချက်က သူ့ရဲ့ ၂၀၁၆ ခုနှစ် မဲဆွယ်ပွဲအတွင်း ပြောခဲ့ဖူးတဲ့ အချက်ဖြစ်ပြီး ပြီးခဲ့တဲ့လကလည်း ထပ်မံပြောကြားခဲ့ဖူးပါတယ်။

မစ္စတာ ထရမ့် ဟာ အမေရိကန်ဗဟိုဘဏ်အကြီးအကဲကို အတိုးနှုန်းတိုးမြှင့်မှုအတွက်လည်း ဝေဖန်ခဲ့ပါတယ်။ သည်တိုးမြှင့်မှုကြောင့်ဒေါ်လာတွေ ပြန်လည်ကျဆင်းစေခဲ့ပါတယ်။

ကုန်သွယ်ရေးကိစ္စရပ်အပေါ် အမေရိကန်နဲ့ တရုတ်တို့ သည်သီတင်းပတ်အတွင်း ဝါရှင်တန်မှာ ဆွေးနွေးပွဲပြုလုပ်မှာ ဖြစ်ပါတယ်။

သည်တွေ့ဆုံပွဲကနေ သူ အများကြီး ဘာမှမမျှော်လင့်ထားဘူးလို့ မစ္စတာ ထရမ့်က ရိုက်တာသတင်းဌာနကို ပြောခဲ့ပါတယ်။

စီးပွားရေးအင်အားကြီးနှစ်နိုင်ငံကြားတိုက်ပွဲ ရပ်တန့်ဖို့က သူ့စိတ်ထဲမှာ 'ဘာအချိန်သတ်မှတ်ချက်မှ မရှိဘူး' လို့လည်းသူက ပြောခဲ့ပါတယ်။

အမေရိကန်နဲ့ တရုတ်ကြားက ကုန်သွယ်ရေးစစ်ပွဲ ဟာ ငွေကြေးစနစ်တိုက်ပွဲလည်းဖြစ်လာနိုင်တယ်ဆိုတဲ့ စိုးရိမ်မှုကို သုံးသပ်သူတွေက ပြောထားခဲ့ပြီး ဖြစ်ပါတယ်။

သည်လအတွင်းမှာ မစ္စတာ ထရမ့် ဟာ သူ့ဝန်ထမ်းတွေကို ကနဦးအဆိုပြုထားတဲ့ အခွန် ၁၀ ရာခိုင်နှုန်းအစား အခွန် ၂၅ ရာခိုင်နှုန်းကောက်ခံဖို့ ကြံဆနိုင်းခဲ့တယ်လို့ အစိုးရအဖွဲ့က ကြေညာခဲ့ပါတယ်။

တစ်ချိန်တည်းမှာပဲ အရာရှိတွေက အခွန်တိုးမြှင့်မှုဟာ ယွမ်ငွေတန်ဖိုး ကျဆင်းအောင် လုပ်ခဲ့တာလို့ ပြောဆိုခဲ့ကြပေမဲ့ ရိုက်တာသတင်းဌာနဆီပေးတဲ့သမ္မတရဲ့ မှတ်ချက်က သည်ပြောဆိုချက်ကို ပုံပျက်သွားစေပါတယ်။

'ကျွန်တော်ထင်တာက တရုတ်က သူ့ရဲ့ငွေကြေးကို သူကစားနေတယ်' လို့ မစ္စတာထရမ့်က ရိုက်တာကို ပြောခဲ့ပါတယ်။

သမ္မတရာထူးအတွက် သူ့ရဲ့ မဲဆွယ်ကာလအတွင်းမှာ ထရမ့်ဟာတရုတ်ကို ငွေကြေးကစားသူလို့ ခေါ်ဆိုခဲ့ပြီး အာဏာရပြီးချိန် ပြီးခဲ့တဲ့နှစ်ကတော့ သည်မှတ်ချက်တွေကို ပြန်ရုပ်သိမ်းခဲ့ပါတယ်။

သမ္မတ ထရမ့်က ဗဟိုဘဏ်ကိုလည်း အတိုးနှုန်းတိုးမြှင့်မှုအတွက် ထပ်မံဝေဖန်ခဲ့ပါတယ်။

အမေရိကန်ဗဟိုဘဏ်ကို မစ္စတာ ထရမ့် ရွေးချယ်တင်မြှောက်ထားတဲ့ဂျရုန်းပါဝဲလ်က ဦးဆောင်ခဲ့ပြီး သည်နှစ်အတွင်းမှာ အတိုးနှုန်းကို နှစ်ကြိမ် တိုးမြှင့်ခဲ့ကာ သည်လိုမျိုး ထပ်မံလုပ်ဆောင်ဖို့ ခန့်မှန်းထားပြီးဖြစ်ပါတယ်။

စီးပွားရေးက မြင့်မားလာတဲ့ အတိုးနှုန်းကို ကိုင်တွယ်ဖို့ အင်အားကောင်းနေတယ်လို့ ပြောခဲ့ပြီး ဒါဟာ မထိန်းချုပ်နိုင်တဲ့တန်ဖိုးဖောင်းပွမှုကို ကာကွယ်ဖို့ ရည်ရွယ်ပြီး ဆောင်ရွက်ခဲ့တာဖြစ်တယ်လို့ ဗဟိုဘဏ်က ပြောပါတယ်။ သုံးသပ်သူတွေက သည်နှုန်းကို ဒေါ်လာခိုင်မာဖို့အတွက် ဆောင်ရွက်မှုလို့ ချိတ်ဆက်ပြောဆိုခဲ့ပါတယ်။

မစ္စတာ ထရမ့် ကတော့ ငွေချေးရာမှာ အတိုးနှုန်းမြင့်မားမှုက စီးပွားရေးကို နှေးကွေးစေမှာကို စိုးရိမ်နေပါတယ်။

'ကျွန်တော်ကတော့ အတိုးနှုန်းတိုးမြှင့်မှုကို မပျော်ရွှင်ပါဘူး၊ လုံးဝကို မပျော်ရွှင်ပါဘူး' လို့ သူက ရိုက်တာသတင်းဌာနကို ပြောခဲ့ပြီး သူအရင်က ပြောခဲ့တဲ့ဝေဖန်သလိုပဲ ထပ်မံပြောကြားခဲ့ပါတယ်။

**မေသက်**

[ref: BBC, Aug 21, 2018.]

www.burmeseclassic.com



# ဖြိုင်ဆိုင်မှု အားပြင်းလာချိန် တရုတ်ကိုပြေးဆွဲတဲ့ အမေရိကန် လေကြောင်းလိုင်းနှစ်ခု ရပ်ဆိုင်း




အမေရိကန်အဲလိုင်းဟာ အတော်အရှုံးများနေပြီး အများစုဟာ တရုတ်တွေ စီးနင်းကြတဲ့အတွက် တရုတ်လေကြောင်းလိုင်းက ပိုမိုအကျိုးဖြစ်ထွန်းလေ့ရှိပါတယ်။

ဩဂုတ် ၂၁-ချီကာဂို-ရှန်ဟိုင်းကို ပြေးဆွဲနေတဲ့ အမေရိကန် အဲလိုင်းဟာ လောင်စာဆီဈေးတက်မှုနဲ့ အပြိုင် အဆိုင်များတဲ့ ဝန်းကျင်ကြောင့် ခရီးစဉ်ပြေးဆွဲမှုကို ရပ်နားလိုက်ပြီး အမေရိကန်မြို့ကနေ တရုတ်နိုင်ငံဆီ တိုက်ရိုက်ပျံသန်းတဲ့ ခရီးစဉ်ကို လေးလအတွင်းမှာ ဒုတိယမြောက်ရပ်ဆိုင်းလိုက်တာဖြစ်တယ်လို့ အင်္ဂါနေ့မှာထုတ်ဖော်ပြောကြားခဲ့ပါတယ်။

'အခြေအနေ တိုးတက် ကောင်းမွန်လာပါက ဈေးကွက်ထဲကို တစ်ကျော့ပြန်ဝင်ဖို့အတွက် အမေရိကန် ပို့ဆောင်ရေးဌာနကို လျှောက်ထားကြောင်း' သိရပါတယ်။

'ကျွန်တော်တို့ရဲ့ ချီကာဂို-ရှန်ဟိုင်း ဝန်ဆောင်မှုလုပ်ငန်းဟာ အကျိုးအမြတ် မရှိတဲ့ အပြင် ဆီဈေးတက်မှု၊ အခြားဈေးကွက်မှာ အောင်မြင်နိုင်တဲ့ အလားအလာတွေ ရှိမှုတို့ကြောင့် ရပ်ဆိုင်းလိုက်တာ' လို့ အမေရိကန်ဆက်သွယ်ရေးနှင့် ခရီးစဉ်ဆွဲရေးဌာနမှ ဒုဥက္ကဋ္ဌ ဗက်ဆုရာဂျာက ပြောကြားခဲ့ပါတယ်။

ချီကာဂိုနဲ့ ဘေဂျင်းကိုပြေးဆွဲနေတဲ့ အကြီးဆုံးခရီးသည်တင်လေယာဉ်ခရီးစဉ်ကို မေလမှာရပ်နားခဲ့ပါတယ်။ အမေရိကန်ပိုင်ယူနိုက်တက်အဲလိုင်းနဲ့ ဒယ်တာ အဲလိုင်းတို့ဟာလည်း တရုတ် ခရီးစဉ်တွေကနေ နုတ်ထွက်ခဲ့ပါတယ်။

တစ်ချိန်တည်းမှာပဲ ဟာဝေယံ အဲလိုင်းက ဟိုနိုလူလူနဲ့ဘေဂျင်းကြားပြေးဆွဲနေတဲ့ တစ်ပတ်သုံးကြိမ် တိုက်ရိုက်ခရီးစဉ်ကို အောက်တိုဘာကစပြီး ရပ်ဆိုင်းသွားမယ်လို့ ပြောခဲ့ပါတယ်။ ၂၀၁၄ က စတင်ခဲ့တဲ့ သည်ခရီးစဉ်ကို ရပ်တန့်ရတဲ့ အကြောင်းက ဝယ်လိုအား တိုးတက်မှုဟာ မျှော်မှန်းတာထက်နည်းနေတာကြောင့်လို့ ထောက်ပြခဲ့ပါတယ်။

အမေရိကန် လေဆိပ်ကို ဝင်ရောက်ခဲ့တဲ့ တရုတ်ခရီးသည်ဟာ ၂၀၁၈ မှာ ၄.၃ သန်းရှိပြီး ၂၀၂၄ မှာ ၁၂.၈ သန်းအထိ မြင့်တက်လာနိုင်တယ်လို့ ဘော့ဂရု(ပ်)မားကက်ခန့်မှန်းရေးအဖွဲ့က ခန့်မှန်းထားပါတယ်။

အမေရိကန်လေကြောင်းလိုင်းတွေအတွက် ဈေးနှုန်းသင့်တင့်တဲ့ တရုတ်ဈေးကွက်ဟာ စိန်ခေါ်မှုတစ်ရပ်အနေနဲ့ တည်ရှိနေဆဲဖြစ်ပြီး တရုတ်နဲ့အမေရိကန်ကို ပြေးဆွဲနေတဲ့ လေယာဉ်အများစုဟာ တရုတ်ပိုင်လေယာဉ်တွေဖြစ်တယ်လို့ အင်္ဂါနေ့ ဒန်ဗားမှာ ပြုလုပ်တဲ့ နိုင်ငံတကာ လေကြောင်း ခန့်မှန်းရေးညီလာခံမတိုင်ခင်မှာ ဘော့ဂရု(ပ်)ဥက္ကဋ္ဌ မိုက်ဘော့က ပြောကြားခဲ့ပါတယ်။

'အမေရိကန် အဲလိုင်းဟာ အတော်အရှုံးများနေပြီး အများစုဟာ တရုတ်တွေ စီးနင်းကြတဲ့အတွက် တရုတ်လေကြောင်းလိုင်းက ပိုမိုအကျိုးဖြစ်ထွန်းလေ့ရှိပါတယ်။

၂၀၁၇ ကချိုင်းနားဆောက်သန်း အဲလိုင်းကုမ္ပဏီမှာ အမေရိကန်က ဒေါ်လာသန်း ၂၀၀ ရင်းနှီးမြှုပ်နှံခဲ့ပြီး အဆိုပါလေကြောင်းလိုင်းကတော့ ဘေဂျင်း-လော့စ်အိန်ဂျလိစ်နဲ့ ဒါးလက်စ်-ဖော့ဝေါ့၊ တက္ကဆက်ကို နေ့စဉ် ပြေးဆွဲလျက်ရှိပါတယ်။ ၂၀၁၇ ဟန်ကျိုးနဲ့ ဆန်ဖရန်စစ္စကိုခရီးစဉ်ကို ရပ် နားလိုက်အပြီးမှာ ယူနိုက်တက် လေကြောင်းလိုင်းက အမေရိကန်နဲ့တရုတ်၊ ဟောင်ကောင်ကို တစ်ရက်ကို ခရီးစဉ် ၁၂ ခု ပြေးဆွဲလျက် ရှိပါတယ်။

၂၀၁၅မှာ ချိုင်းနားအိစ်တန်းမှာ ဒေါ်လာသန်း ၄၅၀နဲ့ ၃.၅၅ရာခိုင်နှုန်း ရှယ်ယာဝယ်ယူခဲ့ပြီးနောက် တရုတ်ကို ခရီးစဉ်ခုနစ်ကြောင်းနဲ့ နေ့စဉ်ပြေးဆွဲလျက်ရှိပါတယ်။

> “အမေရိကန် လေကြောင်းလိုင်းတွေအတွက် ဈေးနှုန်းသင့်တင့်တဲ့ တရုတ် ဈေးကွက်ဟာ စိန်ခေါ်မှု တစ်ရပ်အနေနဲ့ တည်ရှိနေဆဲ ဖြစ်ပါတယ်”

သည်နိုင်ငံတကာလေကြောင်းခရီးစဉ်ရှည်ကြီးမှာ လေကြောင်းလိုင်းတွေကို ဝင်ရောက် ယှဉ်ပြိုင်ခွင့်ပေးထားပါတယ်။

အဲချိုင်းနားဟာ ဘေဂျင်းကိုပြေးဆွဲတဲ့ ခရီးစဉ်တွေကို အဓိကထားလုပ်ကိုင်နေပေမဲ့ ဖျက်သိမ်းလိုက်တဲ့ မူဝါဒအရ ချိုင်းနားအိစ်တန်းနဲ့ ချိုင်းနားဆောက်သန်း အဲလိုင်းတို့ကိုလည်း ၂၀၁၉ မှာဖွင့်လှစ်မယ့် ဒါဇင်ဘေဂျင်းလေဆိပ်သစ်မှာ အခြေဆိုက်ခွင့် ပြုမှာဖြစ်ပါတယ်။

**နှင်းသန့်**

[ref: Reuters. Aug 21, 2018.]

# နောက်ထပ်တရုတ်သွင်းကုန်ခွန်တွေက အမေရိကန်တွေကို တစ်သက်လုံးထိခိုက်စေမယ်လို့ အမေရိကန်ကုမ္ပဏီတွေ သတိပေး




ဩဂုတ် ၂၀-တရုတ်ရဲ့ သွင်းကုန်အမေရိကန်ဒေါ်လာ ၂၀၀ ဘီလျံကို သွင်းကုန်ခွန်အသစ် ထပ်မံချမှတ်တာဟာ အမေရိကန်နိုင်ငံသားတွေကို သူတို့ရဲ့ တစ်ဘဝလုံးမှာ နေ့စဉ်သုံးပစ္စည်းတွေကို ငွေပိုပေးရအောင် ပြုလုပ်နေတာဖြစ်တယ်လို့ အမေရိကန်က ကဏ္ဍစုံစီးပွားရေးလုပ်ငန်းတွေက ထရမ့်အစိုးရကို သတိပေးခဲ့ကြပါတယ်။

ဘေဂျင်းကို ဖိအားပေးတဲ့အနေနဲ့ အခွန် ၂၅ ရာခိုင်နှုန်းအထိ တိုးမြှင့်ဖို့ အဆိုပြုချက်အတွက် တနင်္လာနေ့ဝါရှင်တန်မှာ ခြောက်ရက်ကြာကြားနာပွဲ စတင်မှာ ဖြစ်ပါတယ်။

အမေရိကန်ရဲ့ အရင်သွင်းကုန်ခွန်တွေနဲ့မတူဘဲ စက်တင်ဘာ နှောင်းပိုင်းမှာ ချမှတ်မယ့် သွင်းကုန်ခွန်တွေဟာ သုံးစွဲသူထောင်ချီဆီ တိုက်ရိုက်ထိခိုက်မှုတွေ ရှိလာတော့မှာဖြစ်ပါတယ်။

သည်အမေရိကန်ရဲ့ ဒေါ်လာ ၂၀၀ ဘီလျံစာရင်းမှာ တရုတ်ပင်လယ်စာ၊ ပရိဘောဂပစ္စည်းနဲ့ မီးချောင်းတွေ၊ တာယာ၊ ဓာတုပစ္စည်း၊ ပလတ်စတစ်၊ စက်ဘီးနဲ့ ကလေးတွေအတွက် ကားထိုင်ခုံတွေ ပါဝင်ပါတယ်။

'USTR က နောက်ထပ် အမေရိကန်ဒေါ်လာ ၂၀၀ ဘီလျံကို သွင်းကုန်ခွန် ချမှတ်လိုက်ပြီး အမေရိကန်စားသုံးသူတွေ၊ အလုပ်သမားတွေ၊ ကုန်သွယ်ရေးနဲ့စီးပွားရေးလုပ်ငန်းကို သိသိသာသာ တိုးချဲ့ထိခိုက်စေတော့မှာဖြစ်တယ်' လို့ သည်ကြားနာမှုအတွက် တရားရုံးထွက်ဆိုချက်တစ်ခုမှာ အမေရိကန် ကုန်သည်ကြီးများအသင်းက ပြောခဲ့ပါတယ်။

အမေရိကန်ထိပ်တန်းမဲဆွယ်အုပ်စုက ထရမ့်အစိုးရအဖွဲ့ဟာ တရုတ်ရဲ့ဉာဏပစ္စည်းမူပိုင်ခွင့်ခိုးယူမှုနဲ့ အခြားအန္တရာယ်ရှိတဲ့ လုပ်ဆောင်ချက်တွေကို ရင်ဆိုင်ဖို့ 'ရှေ့နောက် ညီညွတ်တဲ့ ဗျူဟာ' တစ်ခုမှ မရှိဘူးလို့ ပြောခဲ့ပြီး ဘေဂျင်းနဲ့ 'အလေးအနက် ဆွေးနွေးဖို့' တောင်းဆိုခဲ့ပါတယ်။

ဝါရှင်တန်မှာ သည်သီတင်းပတ်နှောင်းပိုင်း ထရန့်အစိုးရအဖွဲ့ အလတ်တန်းအရာရှိတွေနဲ့ တရုတ်အရာရှိတွေ တွေ့ဆုံပြီး ဆွေးနွေးကြမှာဖြစ်ပါတယ်။ သည်ဆွေးနွေးချက်က အမေရိကန်သွင်းကုန်ခွန်ကို အကောင်အထည်ဖော်မှုနဲ့ တရုတ်ရဲ့ လက်တုံ့ပြန်မှုတွေအပေါ်မှာ ဘယ်လိုသက်ရောက်မှုရှိသလဲဆိုတာ မရှင်းလင်းသေးပါဘူး။

သည်ကြားနာမှုမှာ ဖတ်ကြားမယ့် USTR ဆီ တင်ပြထားတဲ့ တိုင်ကြားစာ ၁၄၀၀ ကျော်မှာ ကုန်သွယ်ရေးလုပ်ငန်းများစွာက သည်သွင်းကုန်ခွန်တွေဟာ အန္တရာယ်ဖြစ်စေပြီး ဟောလိုးဝင်းဝတ်စုံတွေ၊ ခရစ္စမတ်မီးသီးတွေကနေ ချုပ်ကလီးယား လောင်စာဆီအထိ ထုတ်ကုန်တွေကို ဈေးနှုန်းမြင့်တက်စေမယ်လို့ စောဒကတက်ထားကြပါတယ်။

**မေသက်**

[ref:Reuters, Aug 20, 2018.]

www.burmeseclassic.com







၁၈ ရက် တစ်ခါတိုင်း ကုန်ဈေးနှုန်း နှစ်ဆတက်ကြောင်း ငွေအထူး ဖောင်းပွမှုတွေကို လေ့လာနေတဲ့ စီးပွားရေးပညာရှင် စတိဗ်ဟန်ကီက ပြောပါတယ်။

# ငွေကြေး တရားလွန်ဖောင်းပွမှုကို ဗယ်နီဇွဲလား ထိန်းနိုင်ပါ့မလား

**ဩဂုတ် ၂၁**–ငွေကြေး တရားလွန် ဖောင်းပွမှုဆိုတာ ဘယ်လိုမျိုးလဲ။ကြက်သား အစိမ်းတစ်တုံးကိုဝယ်ဖို့ ဧရာမ ငွေပုံကြီး ပေးရတာမျိုး ဖြစ်ပါလိမ့်မယ်။

သည်လိုဝယ်ဖို့ဆိုရင် ပြီးခဲ့တဲ့ အပတ်က ဗယ်နီဇွဲလားမှာ ဘိုလီဗီးယား ငွေ ၁၄ သန်းပေးရကြောင်း ဓာတ်ပုံကို ရိုက်ကူးခဲ့တဲ့ ရိုက်တာ ဓာတ်ပုံဆရာက ပြောပါတယ်။

ကြက်သားဝယ်မယ့်သူမှန် သမျှဟာသူတို့ပိုက်ဆံကို ဈေးသည်ဆီ ပို့ဖို့အတွက် တစ်ဘီး လက်တွန်းလှည်း တစ်စီးလိုအပ်ပါတယ်။ ဒါတောင် အဲသည်နောက်ပိုင်း ကုန်ဈေးနှုန်းက အကြိမ်ကြိမ်မြင့်တက်ပြီးပါပြီ။

ကုန်ဈေးနှုန်းတွေဟာ သည်နှစ် ဗယ်နီဇွဲလားမှာ အဆ တစ်သန်းနှုန်းနီးပါးတက်လိမ့်မယ်လို့ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့က ခန့်မှန်းခဲ့ပါတယ်။

၁၈ရက်တစ်ခါတိုင်း ကုန်ဈေးနှုန်း နှစ်ဆတက်ကြောင်း ငွေအထူးဖောင်းပွမှုတွေကို လေ့လာနေတဲ့ စီးပွားရေးပညာရှင် စတိဗ်ဟန်ကီက ပြောပါတယ်။

အစာငတ်မွတ်သူအများ အပြားရှိနေပါတယ်။ ထွက်ပြေးဖို့ကြိုးစားသူ တစ်သန်းကျော် ရှိပါတယ်။ ဗယ်နီဇွဲလားတွေက သူတို့ နိုင်ငံငွေကြေးကို မယုံကြည်တော့တာ အံ့အားသင့်စရာ မဟုတ်ပါဘူး။

'ဗဟိုဘဏ်ဟာ အစိုးရရဲ့ ပေးချေစရာတွေကို ပေးဆပ်ဖို့အတွက် ပိုက်ဆံတွေ ရိုက်ထုတ်ပြီးရင်း ရိုက်ထုတ်နေတဲ့ ဈေးကွက်ထဲက ပိုက်ဆံက ပိုပိုပြီး တန်ဖိုးမဲ့ လာတယ်' လို့ World First ရဲ့ စီးပွားရေးပညာရှင် တစ်ဦးဖြစ်တဲ့ ဂျရမီသွန် ဆင်ကွတ်ခ်က ပြောပါတယ်။

အသစ်ရိုက်ထုတ်ပြီး အေတီအမ် စက်ကနေ ထွက်လာတဲ့ ငွေသားဟာ ချက်ချင်းပဲ တန်ဖိုး လျော့ကျသွားပါတယ်။

အခုအချိန်မှာ စီးပွားရေးပျက်ကပ်ထဲဝင်နေတာ လေးနှစ်ရှိပြီ ဖြစ်တဲ့ ဗယ်နီဇွဲလားဟာ တခြားနိုင်ငံတွေလိုပဲ ငွေကြေးအလွန် ဖောင်းပွမှုဒဏ်ကို ခံနေရပါတယ်။

'ဗယ်နီဇွဲလားရဲ့အခြေအနေက ၁၉၂၃ခုနှစ်တုန်းက ဂျာမနီ၊ ၂၀၀၀ နှစ်များကုန်ခါနီးက ဇင်ဘာဘွေလို ဖြစ်နေတယ်' လို့ IMF ရဲ့အနောက်ကမ္ဘာခြမ်းဌာန ဒါရိုက်တာအလီဂျန် ဒရိုဝါနာက ဘလော့ဂ်တစ်ခုမှာ ရေးသားခဲ့ပါတယ်။

ဇင်ဘာဘွေဟာ သူ့ငွေကြေးကို တန်ဖိုးနုတ်ခဲ့ပြီး ငွေစက္ကူတွေထဲက သုညအများအပြားကို ဖျက်သိမ်းခဲ့ပါတယ်။ ဗယ်နီဇွဲလားဟာလည်း သည် တစ်ပတ်အတွင်း အလားတူလုပ်ခဲ့ပြီး သုညငါးလုံးကို ဖယ်ရှားခဲ့ပါတယ်။

ဒါပေမဲ့ သည်လုပ်ရပ်ကြောင့် ဇင်ဘာဘွေရဲ့ပြဿနာမပြေလည် ခဲ့ပါဘူး။ ဗယ်နီဇွဲလားစီးပွားရေးကို လည်းသည်နည်းက ကယ်ဆယ်နိုင်မှာ မဟုတ်ပါဘူး။ အထူးသဖြင့်သည်နည်းကိုအရင်ကလည်း သုံးခဲ့ဖူးလို့ ဖြစ်ပါတယ်။

ဇင်ဘာဘွေဟာ နောက်ဆုံးမှာတော့ သူ့ငွေကြေးကို လုံးဝစွန့်လွှတ်ပြီးအမေရိကန်ဒေါ်လာကိုသုံးစွဲခဲ့ရပါတယ်။

သည်လိုလုပ်ရပ်ကြောင့် စီးပွားရေးအပေါ် ပြန်လည်ယုံကြည်လာကြပြီး အကြောင်းကသည်လိုလုပ်ရပ်ကြောင့် ဟာရာရဲက အာဏာပိုင်တွေ အနေနဲ့ ငွေကြေးကို ထိန်းချုပ်နိုင်မှုမရှိတော့တာကြောင့်ဖြစ်ပါတယ်။ နောက်ပိုင်းမှာ ဝင်ငွေတွေပြန်လည် တိုးတက်ခဲ့ပါတယ်။

ဗယ်နီဇွဲလားဟာ သည်လိုနည်းဗျူဟာမျိုးကို ကျင့်သုံးဖို့ကြိုးစားနေပေမဲ့ စီးပွားရေးပညာရှင်တွေရဲ့ ယုံကြည်မှုကိုမရဘဲ ဖြစ်လာပါတယ်။

ငွေကြေးကနေ သုညငါးလုံးကို ဖြုတ်လိုက်တဲ့အပြင် ကာရာကက်စ်ဟာ နိုင်ငံ့ငွေကြေးကို သူတီထွင်ထားတဲ့ အွန်လိုင်းငွေကြေး ပီထရိုနဲ့ ချိတ်ဆက်ထားပါတယ်။

ပီထရိုကိုလည်း နိုင်ငံမှာ ကျဆင်းလာတဲ့ ရေနံထုတ်လုပ်မှုတန်ဖိုးနဲ့ ချိတ်ဆက်ထားပြန်ပါတယ်။

'အစီအစဉ်က ရှုပ်ထွေးနေတယ်' လို့ နိုင်ငံ့ဖက်ဒီကာမာရက်စ် စီးပွားရေးအဖွဲ့ဥက္ကဋ္ဌ ကားလို့စ်လာရာဇာဘယ်က ပြောပါတယ်။

သမားရိုးကျအမြင်နဲ့ကြည့်လို့ မရတဲ့ ဒစ်ဂျစ်တယ်ငွေကြေးတွေဟာ အထူးတက်လွယ်ကျလွယ်ပြီး လူသိအများဆုံး ဘစ်ကွိုင်ဟာမကြာခင်က အမြင့်ဆုံးတက်ခဲ့ပြီးနောက် တန်ဖိုးလျော့ကျခဲ့ပါတယ်။

'တစ်ခုနဲ့တစ်ခု ကုန်သွယ်ဖို့အတွက် တန်ဖိုးမရှိတဲ့ငွေကြေးတွေပါပဲ' လို့ မစ္စတာသွန်ဆင်ကွတ်က ပြောပါတယ်။

> “ အစိုးရက ဇင်ဘာဘွေ ထုံးနှလုံးမူပြီး သူ့ရန်သူ အမေရိကန်ရဲ့ ငွေကြေးကို ပြောင်းလဲသုံးစွဲဖို့ ကတော့ မဖြစ်နိုင်ပါဘူး။ ”

CIBC World Markets က ဂျရမီစထရက်ချ်က ဒါကိုသဘောတူပါတယ်။ 'ပြဿနာရဲ့အကြောင်းရင်းကို ကြည့်ရမယ်၊ ဒီမှာ ဒီလိုမတည်ငြိမ်မှုဖြစ်နေတာက ရေနံထုတ်လုပ်မှု ထိုးကျနေလို့ပါ' တကယ်လို့ စီးပွားရေးလုပ်ငန်းတွေ၊ စီးပွားရေးပညာရှင်တွေသာမှန်မယ်ဆိုရင် စီးပွားရေးထပ်မံထိုးကျပြီး ငွေကြေးကိုပြောင်းလဲဖို့ ကြိုးစားမှုတွေ ထပ်ဖြစ်ဦးမှာပါပဲ။

ဒါပေမဲ့ ဗယ်နီဇွဲလားက ဆိုရှယ်လစ် အစိုးရက ဇင်ဘာဘွေထုံးနှလုံးမူပြီး သူ့ရန်သူ အမေရိကန်ရဲ့ ငွေကြေးကို ပြောင်းလဲသုံးစွဲဖို့ကတော့ မဖြစ်နိုင်ပါဘူး။

'အစိုးရတစ်ခုလုံး အပေါ် ယုံကြည်မှုကင်းမဲ့နေတယ်' လို့မစ္စတာ စထရပ်ချ်က ပြောပါတယ်။

အစိုးရပြောင်းလဲမှုကသာလျှင် ဗယ်နီဇွဲလားငွေကြေးအပေါ်ယုံကြည်မှုပြန်ရဖို့ တစ်ခုတည်းသော နည်းဖြစ်ကောင်းဖြစ်ပါလိမ့်မယ်။ **စုပြည့်စုံ**

[ref:BBC, Aug 21, 2018.]

# မလေးရှားမှာ ရေဒီယိုသတ္တိကြွ ကိရိယာတစ်ခု ပျောက်ဆုံးနေ

**ဩဂုတ် ၂၀**–ဩဂုတ်လ ၁၀ရက်က ကုန်တင်ကားငယ်တစ်စီးကနေ ပျောက်ဆုံးသွားတယ်လို့ သတင်းပို့ထားတဲ့ ရေဒီယိုသတ္တိကြွပစ္စည်း ပါဝင်တဲ့ စက်ရုံသုံးကိရိယာတစ်ခုအတွက် မလေးရှားအာဏာပိုင်တွေအပူတပြင်းရှာဖွေနေတယ်လို့ တနင်္လာနေ့က ရဲတပ်ဖွဲ့နဲ့ မီဒီယာက ပြောပါတယ်။

ရေဒီယိုသတ္တိကြွထိတွေ့နိုင်မှုနဲ့ စစ်သွေးကြွတွေက လက်နက်အဖြစ်အသုံးချနိုင်ခြေရှိတဲ့အတွက် ရေဒီယိုသတ္တိကြွပစ္စည်းအီရီဒီယမ် ဘယ်လောက်ပမာဏလောက်ပါဝင်လဲဆိုတာ မသိရတဲ့ သည်ကိရိယာကို အာဏာပိုင်တွေ စိုးရိမ်တကြီးဖြစ်နေတယ်လို့ အမည်မဖော်ပြတဲ့သတင်းရင်းမြစ်ကို ကိုးကားပြီး နယူးစထရိတ်တိုင်းမ်ကဖော်ပြထားပါတယ်။

ကီလိုမီတာ ၆၀ ဝေးတဲ့ဆီရမ်ဘန်းမြို့ကနေ မြို့တော်ကွာလာလမ်ပူရဲ့ ဆင်ခြေဖုံးရှာအလမ်ဆီ သွားရောက်စဉ်မှာစက်ရုံမှာ ဓာတ်မှန်ရိုက်ရာမှာအသုံးပြုတဲ့ ၂၃ ကီလိုလေးတဲ့ သည်ကိရိယာပျောက်ဆုံးသွားတယ်လို့ သည်သတင်းစာမှာ ထပ်မံဖော်ပြထားပါတယ်။

'ဟုတ်ပါတယ်၊ သတင်းတစ်ခု ရထားပါတယ်၊ ကျွန်တော်တို့ စုံစမ်း ရှာဖွေနေတယ်' လို့ ကပ်လျက်ပြည်နယ်ဖြစ်တဲ့ဆီလန်ဂေါရဲ့ ရဲအရာရှိ မာဇလန်မန်ဆာက စာတိုတစ်စောင်နဲ့ ရိုက်တာ သတင်းဌာနကို ပြောခဲ့ပါတယ်။ သူက အသေးစိတ် ရှင်းပြခြင်းတော့ မရှိပါဘူး။

သည်ပျောက်ဆုံး ပစ္စည်းကို ပိုင်ဆိုင်တဲ့ ကုမ္ပဏီက ဝန်ထမ်း နှစ်ယောက်ကိုအစောပိုင်းကဖမ်းဆီးခဲ့ပြီးနောက်ပိုင်းမှာ သက်သေမခိုင်လုံတဲ့ အတွက် ပြန်လွှတ်ပေးခဲ့တယ်လို့ မီဒီယာတွေမှာ ဖော်ပြပါတယ်။ **မေသက်**

[ref: Reuters. Aug 20, 2018]